# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

## စတုတ္ထနေ့ အစီအစဉ်

## [ ၂၁-၁၁-၂၀၁၆ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **ကျောင်းကုန်းမြို့နယ်တွင် လှည်းဆိပ်၊ ဝက်ခြံဂရက်နှင့် ချောင်ကြီး အထက်တန်းကျောင်း(ခွဲ) တို့အား အထက်တန်းကျောင်းအဖြစ်သို့လည်းကောင်း၊ သရက်ကုန်း အလယ်တန်းကျောင်း(ခွဲ)အား အလယ်တန်းကျောင်းအဖြစ်သို့ လည်းကောင်း အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၏ **ထီးလင်းမြို့နယ်အတွင်းရှိ ရေမျက်နီကျေးရွာနှင့် ကျင်းကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းတို့အား တက္ကသိုလ်ဝင်တန်းစာမေးပွဲ စာစစ်ဌာနအဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးရွှေလှ(ခ) ဦးရွှေလှဝင်း၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ မူလတန်းကျောင်းအချို့နှင့် အ.ထ.က၊ အ.ထ.က(ခွဲ)များရှိ မူလတန်းအဆင့်တွင် ကျောင်းသားများနှင့် ဆရာအချိုး မမျှမတ ဖြစ်ပေါ်နေခြင်းအပေါ် မျှတမှုရှိလာအောင် မည်သို့ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးရဲလွင်၊ အလုံ မဲဆန္ဒနယ်၏ **ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်ရှိ မြို့နယ်ပညာရေးမှူးရုံး မြေနေရာအား အဏ္ဏဝါမင်းဆောက်လုပ်ရေး ကုမ္ပဏီနှင့် ပညာရေးဝန်ကြီးဌာနတို့ သဘောတူညီမှုဖြင့် ဆောင်ရွက်နေသော မြို့နယ်ပညာရေးမှူးရုံးဆောက်လုပ်ပေးပြီး ကျန်မြေနေရာများအား ကုမ္ပဏီမှ မည်ကဲ့သို့ ဆောင်ရွက်၍ နိုင်ငံတော်အတွက် အကျိုး ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်နန်းမိုး၊ မန်တုံ မဲဆန္ဒနယ်၏ **ပညာရေးဝန်ထမ်းများအတွက် တရားဝင်ခွင့်ပြုထားသော မီးဖွားခွင့်(၆)လ ခွင့်ယူနေစဉ်အတွင်း ၎င်းလစ်လပ်နေရာများအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးတင်ကိုကိုဦး၊ ဘီးလင်း မဲဆန္ဒနယ်၏ **အခြေခံပညာ ပုံနှိပ်ဖတ်စာအုပ်များ ရိုက်နှိပ်ခွင့်နှင့်ပတ်သက်၍ ပညာရေး ဝန်ကြီးဌာနမှ စီမံဆောင်ရွက်ထားပုံ၊ ပုံနှိပ်စာအုပ်များ ကျောင်းဖွင့်ချိန်အမီ မရရှိခြင်း၊ ကျောင်းသားဦးရေနှင့်အညီ မရရှိခြင်းတို့အတွက် မည်သူက တာဝန်ခံမည်နှင့် ကျောင်းသုံးဖတ်စာအုပ် အသစ်များသည် ကျောင်းသားများ လက်ထဲသို့ မရောက်ခင် ပြင်ပတွင် ရောင်းချနေခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်နန်းခင်စော၊ ကွန်ဟိန်း မဲဆန္ဒနယ်၏ **ကွန်ဟိန်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားခဲ့သော ကျောင်း (၁၇) ကျောင်းအား စံကိုက်ကျောင်းများအဖြစ် ချမှတ်တည်ဆောက်ပေးနိုင်ရေး လာမည့် ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း နှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၇။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက **" ရေနံနှင့် ရေနံထွက် ပစ္စည်းဆိုင်ရာ ဥပဒေကြမ်း"**ကို တင်သွင်းခြင်း၊

၈။ **"ရေနံနှင့် ရေနံထွက် ပစ္စည်းဆိုင်ရာ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၉။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက တင်သွင်းသည့် **"ရေနံနှင့် ရေနံထွက် ပစ္စည်းဆိုင်ရာ ဥပဒေကြမ်း"**ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# စတုတ္ထနေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
## (၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၅ ဦးရှိတဲ့အနက် ၄၀၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၁၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ခွင့် ၁ ရက်၊

(၂) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၁ ရက်၊

(၃) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၄) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၂ ရက်၊

(၅) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၅ ရက်၊

(၆) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ခွင့် ၁ ရက်၊

(၇) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၈) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၃ ရက်၊

(၉) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၃ ရက်၊

(၁၀) ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ခွင့် ၅ ရက်၊

(၁၁) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ခွင့် ၂ ရက်၊

(၁၂) မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင် ခွင့် ၃ ရက်၊

(၁၃) ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲ့ဒူ ခွင့် ၃ ရက်၊

(၁၄) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၁၅) ချောင်းဦးမဲဆန္ဒနယ်မှ ဦးမျိုး ခွင့် ၁ ရက်၊

(၁၆) ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ခွင့် ၁ ရက်၊

(၁၇) တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၅ ရက်၊

(၁၈) လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ခွင့် ၁ ရက်၊

(၁၉) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်၊

(၂၀) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်နှင့်

(၂၁) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၄ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၁ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ကျောင်းကုန်းမြို့နယ်တွင် လှည်းဆိပ်၊ ဝက်ခြံဂရက်နှင့် ချောင်ကြီး အထက်တန်းကျောင်း(ခွဲ)တို့အား အထက်တန်းကျောင်းအဖြစ်သို့လည်းကောင်း၊ သရက်ကုန်း အလယ်တန်းကျောင်း(ခွဲ)အား အလယ်တန်း ကျောင်းအဖြစ်သို့လည်းကောင်း အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးသိန်းထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လှည်းဆိပ်အထက်တန်းကျောင်း(ခွဲ)၊ ဝက်ခြံဂရက် အထက်တန်းကျောင်း(ခွဲ)နှင့် ချောင်ကြီးအထက်တန်းကျောင်း(ခွဲ)တို့အား အထက်တန်းကျောင်းအဖြစ် သို့လည်းကောင်း၊ သရက်ကုန်းအလယ်တန်းကျောင်း(ခွဲ)အား အလယ်တန်းကျောင်းအဖြစ်သို့ လည်းကောင်း အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်မှာ အထက်တန်းကျောင်းခြောက်ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) ၁၂ ကျောင်း၊ အလယ်တန်း ကျောင်း(ခွဲ) ၁၆ ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၂ ကျောင်း၊ မူ(ခွဲ) နှစ်ကျောင်း၊ မူလတန်းကျောင်း ၁၃၇ ကျောင်း၊ ဘုန်းတော်ကြီးသင် အလယ်တန်းကျောင်း(ခွဲ)ပညာရေးကျောင်းနှစ်ကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းနှစ်ကျောင်း စုစုပေါင်း ၁၈၉ ကျောင်း ရှိပါတယ်။ အထက်တန်းကျောင်း (ခွဲ) ၁၂ ကျောင်းရှိရာ လှည်းဆိပ်အထက်တန်းကျောင်း(ခွဲ)၊ ဝက်ခြံဂရက် အထက်တန်းကျောင်း(ခွဲ)နှင့် ချောင်ကြီးအထက်တန်းကျောင်း(ခွဲ)တို့အား ၁၉၉၇-၁၉၉၈ ခုနှစ်ကတည်းက အထက်တန်းကျောင်းခွဲ များအဖြစ် စတင်ဖွင့်လှစ်သင်ကြားခဲ့ရာ ယနေ့အထိ အထက်တန်းကျောင်းခွဲများအဖြစ်နဲ့သာရှိခဲ့ ပြီးတော့ ဆရာဆရာမများလုံလောက်မှုမရှိစွာဖြင့် သင်ကြားနေရပြီး စာသင်ကြားရေးမှာ အားနည်းချက် များရှိကာ အောင်ချက်မြင့်မားရေးကိုထိခိုက်ပြီးတော့ ကျောင်းသူကျောင်းသားများအနေဖြင့်လည်း ပညာသင်ကြားရေးကို အပြည့်အဝမခံစားရပါ။ ယခုစာသင်နှစ်မှာ လှည်းဆိပ်အထက်တန်းကျောင်းခွဲမှာ မူလတန်း ၁၅၈ ဦး၊ အလယ်တန်း ၃၈၉ ဦး၊ အထက်တန်း ၂၀၃ ဦး၊ ဝက်ခြံဂယက်အထက်တန်း ကျောင်းခွဲမှာ မူလတန်း ၉၉ ဦး၊ အလယ်တန်း ၂၆၄ ဦး၊ အထက်တန်း ၂၄၀ ဦး၊ ချောင်ကြီး အထက်တန်းကျောင်းခွဲမှာ မူလတန်း ၄၇ ဦး၊ အလယ်တန်း ၂၆၇ ဦး၊ အထက်တန်း ၁၃၀ ဦး တက်ရောက်လျက်ရှိပါတယ်။ အဆိုပါကျောင်းများ၌ သင့်တင့်သောအထက်တန်းကျောင်းသားများ အရေအတွက်များလည်း ရှိနေကြပြီဖြစ်တဲ့အတွက်ကြောင့် အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ချထား ပေးနိုင်ရန် လိုအပ်လျက်ရှိပါတယ်။ အလားတူ အလယ်တန်းကျောင်းခွဲမှာလည်း သရက်ကုန်း အလယ်တန်းကျောင်းခွဲမှာလည်း ယခုစာသင်နှစ်မှာပဲ မူလတန်း ၁၀၅ ဦး၊ အလယ်တန်း ၂၂၇ ဦး တက်ရောက်လျက်ရှိပါတယ်။ အဆိုပါ ကျောင်းခွဲအနေဖြင့်လည်း သင့်တော်သော အလယ်တန်း ကျောင်းသားအရေအတွက်ရှိသည့်အတွက်ကြောင့် အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန် လိုအပ် လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေဖြင့် အောက်ပါမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လှည်းဆိပ်အထက်တန်းကျောင်းခွဲ၊ ဝက်ခြံဂရက်အထက်တန်းကျောင်းခွဲနှင့် ချောင်ကြီးအထက်တန်း

ကျောင်းခွဲတို့အား အထက်တန်းအဖြစ်သို့လည်းကောင်း၊ သရက်ကုန်းအလယ်တန်းကျောင်းခွဲအား အလယ်တန်းကျောင်းအဖြစ်သို့လည်းကောင်း အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ကျောင်းအဆင့်မြှင့်တင်ပေးရန် သိရှိလိုကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်းနှင့် စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီးက ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းရဲ့မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ သတ်မှတ်မှုဘောင်များနှင့် ကိုက်ညီသော အခြေခံပညာကျောင်း ၉၃၇ ကျောင်း၊ သတ်မှတ်မှုများအား ဖြေလျှော့ပေးခဲ့သော အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းနှင့် ကျောင်း(ခွဲ)များ စုစုပေါင်း ၂၃၇၅ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၃၃၁၂ ကျောင်းကို အဆင့်တိုးမြှင့်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ လှည်းဆိပ်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် စုစုပေါင်း အထက်တန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၂၁၂ ဦး၊ ဝက်ခြံဂရက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် စုစုပေါင်း အထက်တန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၂၄၀ ဦး ရှိပါတယ်။ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အထက်တန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၂၀၀ ဦးနှင့်အထက်ရှိရန် သတ်မှတ်ထားပါတယ်။ အဆိုပါကျောင်းနှစ်ကျောင်းသည် သတ်မှတ်ကျောင်းသားဦးရေပြည့်မီမှုရှိပါသဖြင့် လာမည့်ပညာသင်နှစ်ကျောင်းအဆင့်တိုးမြှင့်ပေးခြင်းများ ဆောင်ရွက်သည့်အချိန်တွင် သတ်မှတ်မှုဘောင်များနှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျောင်းကုန်းမြို့နယ်၊ သရက်ကုန်းအခြေခံပညာ

အလယ်တန်းကျောင်း(ခွဲ)တွင် စုစုပေါင်းအလယ်တန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၂၂၇ ဦး ရှိပါတယ်။ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်အတွက် အလယ်တန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၂၄၀ ဦးနှင့်အထက်ရှိရန် သတ်မှတ်ထားပါတယ်။ သို့ပါ၍ အဆိုပါကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း စံချိန်အဖြစ် အဆင့်တိုးမြှင့်ပေးရန်အတွက် သတ်မှတ်မူဘောင်များအား ဖြေလျှော့၍ အဆင့်တိုးမြှင့်ပေးနိုင်တဲ့ အခြေအနေနဲ့ကိုက်ညီမှသာ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်စပ်မေးခွန်းမေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ သတ်မှတ်ထားတဲ့မူဘောင်က အထက်တန်းကျောင်းသား ၂၀၀ ဦးကျော်တဲ့အတွက်ကြောင့် ကျွန်တော်တို့ လှည်းဆိပ်အထက်တန်းကျောင်း(ခွဲ)နှင့် ဝက်ခြံဂရက်အထက်တန်းကျောင်း(ခွဲ)ဟာ သတ်မှတ်မူဘောင်နှင့်ရှိတဲ့အတွက်ကြောင့် လာမယ့် ပညာသင်နှစ်မှာ ဝန်ကြီးအနေနဲ့လည်း စိစစ်ပြီးတော့ တိုးမြှင့်ပေးသွားမှာ သိရတဲ့အတွက်ကြောင့် အထူးကျေးဇူးတင်ရှိပါတယ်။ နောက်တစ်ခုကတော့ ချောင်ကြီးအထက်တန်းကျောင်း(ခွဲ)ကတော့ အထက်တန်းကျောင်းသားပေါင်း ၁၃၀ လောက်ပဲရှိပါတယ်။ သို့သော် သူ့ရဲ့ကျောင်းခွဲသက်တမ်းကတော့ နှစ် ၂၀ ပတ်ဝန်းကျင်၊ ၁၈ နှစ်၊ ၁၉ နှစ်ဖြစ်နေတဲ့အတွက်ကြောင့် တကယ်လို့များဒီကျောင်းကို ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဖြေလျှော့ပြီးတော့ ပေးမယ်ဆိုရင်တော့ အထက်တန်းကျောင်းအဖြစ်နဲ့ ရရှိသွားမှာဖြစ်ပါတယ်။ သို့တည်းမဟုတ် ကျွန်တော်တို့ သတ်မှတ်ထားတဲ့ဦးရေများဖြစ်မယ်ဆိုရင်တော့ အဲဒီကျောင်းသည် ရေရှည်မှာ ကျွန်တော်တို့အထက်တန်းကျောင်းရနိုင်တဲ့ အခွင့်အလမ်းနည်းပါးသွားမှာဖြစ်ပါတယ်။ သက်တမ်းများလည်း အင်မတန်ရင့်နေတဲ့အတွက်ကြောင့် ဒီကျောင်းနှင့်ပတ်သက်လို့လည်း ဖြေလျှော့တဲ့ကျောင်းတွေကိုပေးမယ်ဆိုလို့ရှိရင်လည်း ဒါစဉ်းစားမှုပေးနိုင်/မပေးနိုင်လည်း သိရှိလိုပါတယ်။ နောက်တစ်ခုကလည်း ကျွန်တော်တို့ရဲ့ ကျောင်းကုန်းမြို့နယ်မှာ စာစစ်ဌာနမှာလည်း စာစစ်တဲ့ဦးရေဟာများပြားနေတဲ့အတွက်ကြောင့် အခုကျွန်တော်တင်ပြတဲ့ ချောင်ကြီးအထက်တန်းကျောင်းခွဲသုံးခုပေါ့။ ဝက်ခြံဂရက်နှင့် လှည်းဆိပ်အထက်တန်းကျောင်းခွဲသုံးခုမှာ တကယ်လို့များ ကျွန်တော်တို့က အထက်တန်းကျောင်းတိုးမြှင့်တာနဲ့ အလားတူပဲ စာစစ်ဌာနများလည်း ခွင့်ပြုနိုင်မှု

ရှိ/မရှိ သိရှိလိုကြောင်း ဝန်ကြီးအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ စတင်တာဝန်ယူကတည်းက အခြေခံပညာအထက်တန်းကျောင်းအဆင့်တိုးမြှင့်တာကလွဲရင် ကျန်သော ကျောင်းအဆင့်တွေသည် ကျွန်တော်တို့အနေနဲ့ ကျောင်းသားကျောင်းသူတွေ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူမှုအခွင့်အလမ်းရရှိရေးအတွက် သတ်မှတ်မှုတွေကို ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိကြောင်း ကျွန်တော်တို့ဒါတင်ပြလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒါကျောင်းသားကျောင်းသူတွေသင်ယူခွင့်ရရှိရေးအတွက် ဆက်လက်ပြီး ဖြေလျှော့ပြီးတော့မှ ကျောင်းနေအရွယ်ကလေးတွေ အကောင်းဆုံးသင်ယူခွင့်ရရှိနိုင်ရေးအတွက် ဆက်လက်ပြီးတော့မှ ကျွန်တော်တို့အနေနဲ့ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်မှာ ကျွန်တော့်အနေနဲ့လည်း အမြဲတမ်းတင်ပြပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျောင်းအဆင့်တိုးသတ်မှတ်ချက်တွေကို အခြေခံပညာအထက်တန်းကျောင်းတွေကတော့ အခြေခံပညာအထက်တန်းကျောင်းသားကျောင်းသူတွေသည် သင်ယူပြီးမြောက်တဲ့အခါမှာ တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုတဲ့အခါမှာ စာစစ်ဌာနပေးဖို့လို့အတွက်သည် ဒါမေးခွန်းလုံခြုံရေးအတွက် အရေးကြီးတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ရဲစခန်းရှိတဲ့နေရာတွေပဲ သတ်မှတ်ချက်တွေကို သေသေချာချာစိစစ်ပြီး ဆောင်ရွက်နေရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အထက်တန်းကျောင်းခွဲအဆင့်အထိသည် ကျွန်တော်တို့သတ်မှတ်ချက်တွေကို ဖြေလျှော့ပြီးတော့ ဆောင်ရွက်ပေးတဲ့အခါမှာ ဒါကျောင်းသားကျောင်းသူတွေသည် အထက်တန်းအဆင့်ပညာသင်ယူခွင့် အခွင့်အလမ်းရှိနေကြတာဖြစ်ပါတယ်။ အဲဒီလို အထက်တန်းအဆင့် ပညာသင်ယူခွင့်ရှိနေကြသလို ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း ကျောင်းသားကျောင်းသူတွေ အရည်အသွေးပြည့်မီစွာ သင်ကြားသင်ယူနိုင်ရေးအတွက်ကိုလည်း ဆရာဆရာမတွေကို ရှိတဲ့ခွင့်ပြုရန်ပုံငွေအင်အားထဲကနေပြီးတော့မှ ခွင့်ပြုအင်အားထဲကနေပြီးတော့မှ အတတ်နိုင်ဆုံးမျှတအောင် ကျွန်တော်တို့အနေနဲ့ ခွဲဝေပြီးတော့ စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းအဆင့်တိုးတွေကိုတော့ ကျွန်တော်တို့အနေနဲ့ အထက်တန်းကျောင်းတွေကလွဲလို့ရှိရင် ကျန်တဲ့ကျောင်းတွေကိုတော့ ကျောင်းသားကျောင်းသူတွေ ပညာဆက်လက်သင်ယူနိုင်ရေးကို ဦးတည်ပြီးတော့ ကျွန်တော်တို့အနေနဲ့ ကျောင်းအဆင့်တိုးတွေကို ဆက်လက်ပြီး

ဖြေလျှော့ပေးသွားနိုင်ဖို့လို့အတွက် ဆက်လက်ပြီး အကောင်းဆုံးစိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ထီးလင်းမြို့နယ်အတွင်းရှိ ရေမျက်နီကျေးရွာနှင့် ကျင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့အား တက္ကသိုလ်ဝင်တန်းစာမေးပွဲ စာစစ်ဌာနအဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့အကြောင်းအရာကတော့ ကျွန်တော်တို့ ထီးလင်းမြို့နယ်အတွင်းမှာရှိတဲ့ ရေမျက်နီ(အ.ထ.က)နှင့် ကျင်း(အ.ထ.က)ကျောင်းများကို တက္ကသိုလ်ဝင်တန်းဖြေဆိုခွင့်ချထားပေးရန် အစီအစဉ်ရှိ/မရှိ သိလိုတဲ့အတွက်ကြောင့်မို့လို့ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်ဟာ မြို့နယ်တစ်နယ်လုံးမှာမှ တက္ကသိုလ်ဝင်တန်းဝင် စာစစ်ဌာနဟာ ထီးလင်းမြို့(အ.ထ.က) တစ်ခုတည်းရှိပါတယ်။ အဲဒီ အ.ထ.က တစ်ခုတည်းမှာပဲ တစ်မြို့နယ်လုံးမှာရှိတဲ့ အ.ထ.က ခွဲကျောင်းပေါင်း ခုနှစ်ကျောင်းကနေပြီးတော့မှ ကျောင်းသူကျောင်းသား ၇၆၀ ကျော်ခန့်ဟာ နှစ်စဉ်လာရောက်ပြီးတော့မှ စာမေးပွဲဖြေဆိုကြရပါတယ်။ အဲဒီလိုဖြေဆိုလာခဲ့တဲ့နေရာမှာ နေရာထိုင်ခင်းအခက်အခဲတွေ၊ စားသောက်ရေးအခက်အခဲတွေ၊ ကျန်းမာရေးအခက်အခဲတွေ အမျိုးမျိုးတွေ့ကြုံနေရတာ ကျွန်တော့်မျက်မြင်ပဲ ဖြစ်ပါတယ်။ အဲဒီအထဲမှာ အခက်အခဲဆုံးကျောင်းနှစ်ကျောင်းကတော့ ရေမျက်နီ(အ.ထ.က)နှင့် ကျင်း(အ.ထ.က)တို့ပဲ ဖြစ်ပါတယ်။ ရေမျက်နီကျေးရွာဆိုလို့ရှိရင် ထီးလင်းမြို့နယ်နှင့် ၂၈ မိုင်ကွာဝေးပြီးတော့မှ လမ်းပန်းဆက်သွယ်ရေးတို့မှာ တောအထပ်ထပ်၊ တောင်အသွယ်သွယ်ကို ဖြတ်ကျော်ပြီးတော့မှ သွားလာရတဲ့အတွက်ကြောင့်မို့လို့ အင်မတန်မှ အန္တရာယ်များပြားတဲ့လမ်းပဲ ဖြစ်ပါတယ်။ အတက်အဆင်း၊ အကောက်အကွေ့များလည်း အင်မတန်ထူပြောတဲ့လမ်းပဲ ဖြစ်ပါတယ်။ စာမေးပွဲဖြေဆိုရန်လာရောက်တဲ့ ကျောင်းသူကျောင်းသားတွေ၊ ကျောင်းဆရာဆရာမတွေ၊ ကျောင်းသားမိဘတွေဟာ အင်မတန်မှ ရင်လေးရသောလမ်းလည်း ဖြစ်ပါတယ်။ ကျင်းကျေးရွာဟာဆိုလို့ရှိရင်လည်း

ထီးလင်းမြို့နယ်နှင့် ၂၃ မိုင်ဝေးကွာပြီး ကြားမှာ ပုညာတောင်ကိုဖြတ်ကျော်လာရတဲ့အတွက်ကြောင့် မို့လို့ လမ်းခရီးမှာ အင်မတန်မှ အန္တရာယ်များသောလမ်းဖြစ်ပါတယ်။ အဲဒီလမ်းတွေဟာဆိုလို့ရှိရင် နေ့စဉ်နှင့်အမျှ ယာဉ်မတော်တဆဖြစ်မှုတွေကလည်း ခဏခဏကြုံတွေ့နေတဲ့လမ်းဖြစ်ပါတယ်။ စာမေးပွဲအချိန်ရောက်ပြီဆိုလို့ရှိရင် ကားကြီးကားငယ်အသွယ်သွယ်နဲ့ အိပ်ယာလိပ်တွေ၊ စားအိုး စားခွက်တွေ၊ မီးစက်ကအဆုံး၊ ထီး၊ မိုးကာ အလုံအလောက်ယူဆောင်ပြီးတော့မှ ကျောင်းသူ ကျောင်းသားများ၊ ကျောင်းသားမိဘများ၊ ကျောင်းဆရာများဟာ ဝန်ထုပ်ဝန်ပိုးကြီးသဖွယ် ငွေကုန် ကြေးကျခံပြီးတော့မှ ထီးလင်းမြို့ကိုလာရောက်ပြီးတော့မှ စာမေးပွဲဖြေဆိုကြရတာဖြစ်ပါတယ်။ ကျောင်းသူကျောင်းသားများဟာလည်း စာမေးပွဲနီးကပ်ချိန်မှာ စာအလုပ်ကိုဖြောင့်ဖြောင့်မလုပ်နိုင်ဘဲနဲ့ သွားရေးလာရေး၊ နေထိုင်ရေးတို့အတွက် ကြိုတင်ပြင်ဆင်နေရတဲ့အတွက်ကြောင့်မို့လို့ မိမိတို့ရဲ့ဘဝမှာ အောင်မြင်သင့်သလောက်မအောင်မြင်ဘဲ ဖိအားအမျိုးမျိုးနဲ့ ရင်ဆိုင်နေရတာကို တွေ့ရပါတယ်။ ရေမျက်နီ(အ.ထ.က)၊ ကျင်း(အ.ထ.က)ကျောင်းများဟာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖွင့်လှစ်ခွင့် သတ်မှတ်ချက်များနှင့်လည်း ကိုက်ညီနေပြီဖြစ်တဲ့အတွက် ဒါ့အပြင် ကျန်းမာရေးအတွက် ဆေးရုံ၊ လုံခြုံရေးအတွက် ရဲကင်း၊ ရဲစခန်းများလည်း ရှိနေပြီဖြစ်ပါတယ်။ ရေမျက်နီကျေးရွာမှာဆိုလို့ရှိရင် သူ့ရဲ့ နယ်နိမိတ်မှာ ကျေးရွာပေါင်း ၁၉ ရွာမှ အ.ထ.က ကျောင်းတစ်ကျောင်း၊ အ.လ.က ကျောင်းခွဲ သုံးကျောင်း၊ မူလွန်ကျောင်းငါးကျောင်း၊ မူလတန်းကျောင်း ၁၀ ကျောင်းရှိတဲ့အတွက် တကယ်လို့ စာစစ်ဌာန ဖွင့်လှစ်ပေးမယ်ဆိုရင် ကြီးကြပ်ရေးမှူးတွေ၊ စာမေးပွဲအခန်းစောင့်များအတွက်လည်း လုံလောက်အောင် စီစဉ်ပြီးဖြစ်ပါတယ်။ ဒါ့အပြင် နယ်မြေသက်ဆိုင်ရာ ရဲတပ်ဖွဲ့မှူးရုံးနဲ့လည်း ဆက်ဆံပြီးတော့မှ မေးခွန်းတိုက်တွေ ဆောက်လုပ်ပြီးပြီဖြစ်ကြောင်း ကျွန်တော်တို့ သိထားရပါတယ်။

ဒါ့အပြင် ကျောင်းဝင်းလုံခြုံရေးအတွက် ဝင်းထရံကာရံခြင်း၊ စာရေးခုံများကိုလည်း လုံလောက်အောင်ဖြည့်တင်းခြင်း၊ ဒါတွေကိုလည်း ကျွန်တော်တို့ မိဘပြည်သူများနှင့် ပူးပေါင်းပြီးတော့မှ ဖြည့်ဆည်းဆောင်ရွက်ပြီးကြောင်း တင်ပြအပ်ပါတယ်။ ရေမျက်နီဒေသ၊ ကျင်းဒေသတို့ကို သွားရောက်ပြီးတော့မှ ဒေသခံပြည်သူများနဲ့ တွေ့ဆုံတဲ့အခါမှာဆိုလို့ရှိရင်လည်း သူတို့ရဲ့ဒေသမှာ စာစစ်ဌာန ဖွင့်လှစ်ပေးနိုင်ရေးအတွက် ကျွန်တော့်ကို အကြိမ်ကြိမ်ပဲ တောင်းဆိုကြပါတယ်။ စာစစ်ဌာနများ ချပေးမည်ဆိုပါကလည်း ပြည်သူ့ဆန္ဒကို အကောင်အထည်ဖော်ပေးရာရောက်မည်ဆိုသလို ပညာရေးအခန်းကဏ္ဍကိုလည်း မြှင့်တင်ပေးရာရောက်မှာဖြစ်ပါတယ်။ ဒေသခံပြည်သူများအနေနဲ့ နှစ်စဉ်ကြုံတွေ့နေရတဲ့ ဝန်ထုပ်ဝန်ပိုးများကိုလည်း ဖြေလျှော့ပေးနိုင်မှာဖြစ်ပါတယ်။ စာမေးပွဲဖြေဆိုရန် သွားလာနေကြတဲ့

ကျောင်းသူကျောင်းသားတွေ စိတ်ဖိစီးမှုပပျောက်ပြီးတော့မှ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာပြီး ပညာရေးမှာလည်း အောင်မြင်သောလူငယ်များဖြစ်လာမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကတော့ ရေမျက်နီ(အ.ထ.က)ကနေပြီးတော့မှ ထီးလင်းမှာလာရောက်ပြီးတော့မှ တည်းခိုရတဲ့ ကဇာတ်ရုံကြီးဖြစ်ပါတယ်။ ဒါကတော့ ရေမျက်နီကျောင်းသူကျောင်းသားများ သွားလာရတဲ့အခါမှာ ကားကြီးကားငယ်များဖြင့် သွားလာနေရတဲ့ပုံပဲဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကဇာတ်ရုံကြီးမှာ ကြပ်တည်းစွာ စာမေးပွဲဖြေဆိုဖို့အတွက် စာပေလေ့လာနေကြတဲ့ ကျောင်းသူကျောင်းသားများပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျောင်းသူကျောင်းသားတွေ ကြပ်တည်းစွာနေထိုင်ကြရတဲ့ အခင်းအကျင်းပဲဖြစ်ပါတယ်။ ဒါကတော့ ကျောင်းသူကျောင်းသားများ စာသောက်ဖို့အတွက် ချက်ပြုတ်နေတဲ့ပုံပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့လည်း ချက်ပြုတ်နေပုံပဲ ဖြစ်ပါတယ်။ ဒါကတော့ ကျောင်းသူကျောင်းသားများ ယာယီအသုံးပြုနိုင်အောင် ပြုလုပ်ထားတဲ့ သန့်စင်ခန်းများပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ရေမျက်နီကျေးရွာ ကျောင်းဝင်းပဲ ဖြစ်ပါတယ်။ ဒါကတော့ ကျောင်းဆောင်များ ပြုပြင်ထားပုံဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ထီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦးရဲ့ ထီးလင်းမြို့နယ်အတွင်းရှိ ရေမျက်နီကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် ကျင်းကျေးရွာအခြေခံပညာအထက်တန်းကျောင်းတို့အား ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ တက္ကသိုလ်ဝင်တန်းစာမေးပွဲ စာစစ်ဌာနအဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ စာစစ်ဌာနအသစ်တစ်ခုဖွင့်လှစ်ခွင့်ပြုနိုင်ရန်အတွက် စာစစ်ဌာနတွင် စာဖြေမည့်ကျောင်းသားဦးရေ၊ လက်ရှိအခြေအနေအရ မည်သည့်စာဖြေဌာနတွင် ဖြေဆိုနေရကြောင်းနှင့် တွေ့ကြုံနေရသော အခက်အခဲများ၊ မေးခွန်းနှင့် အဖြေလွှာများကို လုံခြုံစွာ ထိန်းသိမ်းထားရှိနိုင်ရန်အတွက် ဘဏ်၊ ငွေတိုက်၊ တပ်ရင်း၊ တပ်ဖွဲ့၊ ရဲစခန်း

နှင့် ရဲကင်းရှိ/မရှိနှင့် အခြားလိုအပ်သောအချက်အလက်များကို စာစစ်ဌာန ဖွင့်လိုသည့်ကျောင်းမှ ကျောင်းအုပ်ကြီးက မြို့နယ်ပညာရေးမှူး၊ ခရိုင်၊ တိုင်းဒေသကြီး ပညာရေးမှူးတို့၏ ကွင်းဆင်းစစ်ဆေးချက်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ခံချက်တို့နှင့်အတူ အခြေခံပညာဦးစီးဌာနသို့ တင်ပြဆောင်ရွက်သွားလျက်ရှိပါတယ်။ အခြေခံပညာဦးစီးဌာနက အဆိုပါစာစစ်ဌာနအသစ် ဖွင့်လှစ်လိုသည်များကို ကွင်းဆင်းစစ်ဆေးပြီး ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိ စစ်ဆေးပြီး ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူဆောင်ရွက်ရပါတယ်။ အခြေခံပညာဦးစီးဌာနအနေဖြင့်လည်း တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများသို့ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနအသစ်ဖွင့်လှစ်လိုသည့်ကျောင်းများစာရင်းကို ၃၁-၈-၂၀၁၆ ရက်နေ့တွင် နောက်ဆုံးထား ပေးပို့စုစည်းပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အခြေခံပညာဦးစီးဌာနအနေဖြင့် ရေမျက်နီကျေးရွာအခြေခံပညာအထက်တန်းကျောင်းတွင် အထက်တန်းအဆင့်ဖြေဆိုမည့်ကျောင်းသားကျောင်းသူ ၁၈၈ ဦးနှင့် ကျင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ဖြေဆိုမည့်ကျောင်းသားကျောင်းသူ ၁၈၄ ဦးအပါအဝင် စာစစ်ဌာနအသစ် ၁၃၆ ခုအား ဖွင့်လှစ်ရရှိနိုင်ရေးအတွက် အမှုတွဲတွေကို ၆-၁၀-၂၀၁၆ ရက်နေ့တွင် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနသို့ ပေးပို့စိစစ်ထားပြီးဖြစ်ပါတယ်။ ရေမျက်နီကျေးရွာအခြေခံပညာအထက်တန်းကျောင်းနှင့် ကျင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့တွင် ရဲစခန်းရှိမှုနှင့်၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိတဲ့အတွက် စာစစ်ဌာနများအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအမှုတွဲများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**သယ်န်းကျွန်းမြို့နယ်အတွင်းရှိ မူလတန်းကျောင်းအချို့နှင့် အ.ထ.က၊ အ.ထ.က(ခွဲ)များရှိ မူလတန်းအဆင့်တွင် ကျောင်းသားများနှင့် ဆရာအချိုးမမျှမတဖြစ်ပေါ်နေခြင်းအပေါ် မျှတမှုရှိလာအောင် မည်သို့ဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရွှေလှ(ခ)ဦးရွှေလှဝင်း(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်

တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှ(ခ)ဦးရွှေလှဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့ သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ မူလတန်းကျောင်းတချို့နှင့် အ.ထ.က(ခွဲ)များရှိ မူလတန်းအဆင့်တွင် ကျောင်းသားများနှင့်ဆရာအချိုး မမျှမတဖြစ်ပေါ်နေခြင်းအပေါ် မျှတမှုရှိလာအောင် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုပါတဲ့မေးခွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့သဃ်န်းကျွန်းမြို့နယ်ဟာ လူဦးရေထူထပ်များပြား သိပ်သည်းတဲ့ မြို့နယ်တစ်ခုဖြစ်တဲ့အတွက် ရပ်ကွက်တိုင်း၊ ရပ်ကွက်တိုင်းမှာ မူလတန်းကျောင်းတွေရှိပါ တယ်။ မူလွန်ကျောင်းကလွဲလို့ မူလတန်းကျောင်းစုစုပေါင်း ၃၃ ကျောင်းရှိပါတယ်။ အဲဒီ ၃၃ ကျောင်း ထဲမှာ မူလတန်းကျောင်း ၁၀ ကျောင်းဟာ ရှိသင့်တဲ့ကျောင်းသားအရေအတွက်ထက် အလွန့်အလွန် နည်းပါးနေတာကိုတွေ့ရပါတယ်။ မူလတန်းကျောင်းနှစ်ကျောင်းဟာဆိုရင် ကျောင်းသား ၁၀ ယောက်နဲ့ ၁၂ ယောက်လောက်ပဲရှိတာကိုတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဆရာမတစ်ယောက်ကို ကျောင်းသား နှစ်ယောက်၊ သုံးယောက်လောက်သာ သင်ကြားနေရတာကိုတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျောင်းသားအလွန် နည်းတဲ့ကျောင်း ၁၀ ကျောင်းထဲက ပထမ ငါးကျောင်းဖြစ်ပါတယ်။ နောက်ထပ် ငါးကျောင်းဖြစ်ပါ တယ်။ ဒါကတော့ ကျောင်းသား ၁၀ ယောက်တည်းရှိတဲ့ အ.မ.က(၃၇)ဖြစ်ပါတယ်။ ဒါကတော့ ကျောင်းသားသုံးယောက်ရှိတဲ့ စာသင်ခန်းဖြစ်ပါတယ်။ ဒါကတော့ ကျောင်းသားနှစ်ယောက်ရှိတဲ့ စာသင်ခန်းဖြစ်ပါတယ်။ ဒါကတော့ ကျောင်းသားတစ်ယောက်မှမရှိတဲ့စာသင်ခန်းဖြစ်ပါတယ်။ ဒါက ကျောင်းသားသုံးယောက်ရှိ တဲ့စာသင်ခန်းဖြစ်ပါတယ်။ ဒါကတော့ ကျောင်းသား ၁၂ ယောက်တည်း ရှိတဲ့ အ.မ.က(၁)ဖြစ်ပါတယ်။ ကျောင်းသားလေးယောက်ရှိတဲ့စာသင်ခန်းဖြစ်ပါတယ်။ နောက် စာသင်ခန်းတွေကိုတော့ ကျွန်တော်မရိုက်ခဲ့ရပါဘူး။ အဲဒီတော့ အဲဒီလိုမူလတန်းကျောင်းတွေမှာ ကျောင်းသားအရေအတွက် အလွန့်အလွန်နည်းနေတဲ့အချိန်မှာ အထက်တန်းကျောင်းတချို့မှာတော့ အထက်တန်းကျောင်းတွေမှာရှိတဲ့ မူလတန်းကျောင်းသားအရေအတွက်ကတော့ အဆမတန်များပြား နေတာကို တွေ့ရပါတယ်။ ဒါကတော့ အ.ထ.ကနှင့် အ.ထ.က(ခွဲ)တွေမှာရှိတဲ့ မူလတန်းကျောင်းသား အရေအတွက်ဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့နယ်မှာ အ.ထ.က(၁)နှင့် အ.ထ.က(၃)မှာ မူလတန်း အဆင့်မရှိပါဘူး။ အဲဒီလို အ.ထ.ကကျောင်း တွေမှာ မူလတန်းအဆင့် ကျောင်းသားအရေအတွက် များတဲ့အတွက် ဆရာဆရာမတစ်ယောက်ကို ကျောင်းသား ၅၀ မှ ၆၀ အထိ သင်ကြားနေရပါတယ်။

**မူကြမ်း**

ဆရာနှင့်ကျောင်းသားမျှတမှုမရှိတဲ့အတွက် သင်ကြားမှုမှာလည်း ထိရောက်မှုအားနည်းမှာ သေချာပါတယ်။ အဲဒီတော့ အ.ထ.ကကျောင်းတွေမှာ မူလတန်းကျောင်းသားအရေအတွက်က ဘာဖြစ်လို့ ဒီလိုများပြားရသလဲလို့ အဓိကအကြောင်းအရင်းကတော့ ရပ်ကွက်မူလတန်းကျောင်းတွေ အောင်မြင်ပြီးတဲ့အခါမှာ မိမိတက်လိုတဲ့အထက်တန်းကျောင်းတွေကို တက်ခွင့်မရမှာစိုးလို့ မူလတန်းအဆင့်ကတည်းက အထက်တန်းကျောင်းတွေမှာ စုပြုံအပ်နှံရတာဖြစ်တယ်ဆိုတဲ့အကြောင်းကိုလည်း ကျွန်တော် မေးမြန်းသိရှိရပါတယ်။ ဒါ့ကြောင့် ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ မူလတန်းကျောင်းတချို့နှင့် အ.ထ.က၊ အ.ထ.က(ခွဲ)ကျောင်းများရှိ မူလတန်းအဆင့်မှာ ကျောင်းသားနှင့်ဆရာအချိုး မမျှမတဖြစ်နေခြင်းအပေါ် မျှတမှုရှိလာအောင် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ မူလတန်းကျောင်းတချို့နှင့် အထက်တန်းကျောင်း(ခွဲ)များရှိ မူလတန်းအဆင့်တွင် ကျောင်းသားများနှင့် ဆရာအချိုး မမျှမတဖြစ်ပေါ်နေခြင်းအပေါ် မျှတမှုရှိလာအောင် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်းကိစ္စနှင့်စပ်လျဉ်းသည့်မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် သတ်မှတ်မူဘောင်များနှင့် ကိုက်ညီသော အခြေခံပညာကျောင်း ၉၃၇ ကျောင်း၊ မူဘောင်များအား ဖြေလျှော့ပေးခဲ့သော အခြေခံပညာကျောင်း ၂၃၇၅ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၃၃၁၂ ကျောင်းသို့ အဆင့်တိုးမြှင့်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ငါးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း လေးကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း လေးကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၃၃ ကျောင်းနှင့် သဃ်န်းကျွန်းပညာရေးကောလိပ်ရှိ လေ့ကျင့်ရေးအလယ်တန်း

ကျောင်းတစ်ကျောင်း စုစုပေါင်း ၄၉ ကျောင်း ရှိပါတယ်။ ကျောင်းသားဦးရေအနေဖြင့် စုစုပေါင်း အထက်တန်းအဆင့်သင်ကျောင်းသားကျောင်းသူဦးရေ ၄၂၇၈ ဦး၊ စုစုပေါင်း အလယ်တန်းအဆင့်သင် ကျောင်းသားကျောင်းသူဦးရေ ၁၀၀၆၈ ဦး၊ စုစုပေါင်း မူလတန်းအဆင့်သင် ကျောင်းသားကျောင်းသူ ဦးရေ ၁၂၄၇၂ ဦး ရှိပါတယ်။ ဆရာဆရာမဦးရေအနေဖြင့် စုစုပေါင်းအထက်တန်းအဆင့်သင်ဆရာ ဆရာမဦးရေ ၁၄၇ ဦး၊ စုစုပေါင်းအလယ်တန်းအဆင့်သင်ဆရာဆရာမဦးရေ ၄၂၇ ဦး၊ စုစုပေါင်း မူလတန်းအဆင့်သင်ဆရာဆရာမဦးရေ ၂၆၂ ဦး ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းထဲမှာဆိုလို့ ရှိရင် ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းဦးရေအရဆိုလို့ရှိရင် သဃ်န်းကျွန်းမြို့နယ်မှာ လူဦးရေ ၂၀၉၄၈၆ ဦးပဲ ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ လူဦးရေအများဆုံးမြို့နယ်သည် လှိုင်သာယာမြို့နယ်ဖြစ်ပါ တယ်။ လူဦးရေ ၆၈၇၈၆၇ ဦး ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးပေါ်မှာရှိတဲ့ မြို့ပေါ်မှာဆိုလို့ရှိရင် တော့ မူလတန်းအဆင့်သင် ဆရာဆရာမဦးရေသည် အလယ်တန်းအဆင့်သင်ဆရာဆရာမဦးရေထက် ပိုမိုပြီးတော့နည်းတယ်ဆိုတာကို မြို့ပေါ်ရှိတဲ့ဒေသတွေမှာဆိုလို့ရှိရင် ကျွန်တော်တို့ တွေ့ရပါတယ်။ ဘာဖြစ်လို့ မူလတန်းပြဆရာဆရာမဦးရေသည် အလယ်တန်းပြဆရာဆရာမဦးရေထက် နည်းရသလဲ ဆိုလို့ရှိရင် အလယ်တန်းပြဆရာဆရာမတွေသည် PJ လို့ခေါ်ပြီးတော့ အလယ်တန်းပြဆရာဆရာမရဲ့ ရာထူးလစာခံစားပြီးတော့မှ မြို့ပေါ်မှာနေထိုင်နိုင်ဖို့အတွက် သူတို့တွေဟာ မူလတန်းမှာပဲ ဆက်လက်ပြီးတော့မှ သင်ကြားပို့ချနေတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါ မြို့ပေါ်တွေမှာဆိုလို့ရှိရင် မူလတန်းပြဆရာဆရာမဦးရေသည် အလယ်တန်းပြဆရာဆရာမဦးရေထက် နည်းသော်လည်း အချို့ ဆရာဆရာမတွေဟာဆိုလို့ရှိရင် အလယ်တန်းပြဆရာဆရာမတွေသည် မူလတန်းကို သင်ကြားပို့ချ ပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီး ဌာနအနေနဲ့ ဆရာဆရာမတွေခန့်ထားရာမှာ ဆရာနှင့် ကျောင်းသားဦးရေအချိုးအရ ဆရာ လိုအပ်ချက်နှင့် စာသင်ခန်းနှင့် ကျောင်းသားဦးရေအချိုးအရ ဆရာလိုအပ်ချက်တွေကို နှစ်မျိုးစလုံးကို စဉ်းစားပြီးတော့မှ ကျွန်တော်တို့ အနည်းဆုံးလိုအပ်ချက်ဦးရေအတိုင်း ဖြည့်ဆည်းခန့်ထားခြင်း၊ ပြောင်းရွှေ့ပေးခြင်းတွေကို ကျွန်တော်တို့ ဒါ နှစ်စဉ် မေလမှာဆိုလို့ရှိရင် ဆောင်ရွက်ပေးလျက် ရှိပါတယ်။ အကယ်၍ ပညာသင်ကြားနေတဲ့ ပညာသင်နှစ်ကာလအတွင်းထဲမှာဆိုလို့ရှိရင် သူရဲ့ School Class ကျောင်း မိသားစုအုပ်စုအလိုက်၊ ကျောင်းအုပ်စုအလိုက် လိုအပ်သော ဆရာဆရာမ လိုခြင်း၊ ပိုခြင်းတွေကို မြို့နယ်ပညာရေးမှူးတွေက တိုင်းဒေသကြီးပညာရေးမှူးရုံးတွေကို တင်ပြ

ပြီးတော့မှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေရဲ့ Cabinet မှာအတည်ပြုပြီးတော့ သူတို့ ယာယီအားဖြင့်တာဝန်ပေးပြီးတော့မှ ဆောင်ရွက်ပေးခြင်းတွေကိုလည်းပဲ ကျွန်တော်တို့ တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ တချို့ကျောင်းတွေမှာဆိုလို့ရှိရင် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဆရာဆရာမတွေကို ကျောင်းသားဦးရေနည်းသော်လည်းပဲ ကျောင်းရဲ့စာသင်ခန်းအရလည်း ဆရာဆရာမတွေ ခွင့်ပြုခန့်ထားရတဲ့အတွက်ကြောင့်မို့လို့လည်းပဲ တချို့ကျောင်းတွေသည် အင်မတန်နည်းနေပါတယ်။ ဒါတွေကိုတော့ မြို့နယ်ပညာရေးမှူးတွေ၊ ခရိုင်ပညာရေးမှူးတွေနဲ့ တိုင်းဒေသကြီးပညာရေးမှူးတွေကနေ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ပြပြီးတော့ ပညာသင်နှစ်ကာလမှာ လိုခြင်း၊ ပိုခြင်းတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားဖို့လို့အတွက်ဖြစ်ပါတယ်။ သယ်န်းကျွန်းမြို့နယ်မှာလည်း ဆရာနှင့်ကျောင်းသားဦးရေအချိုးကို လက်ရှိ ရှိနေတဲ့အတိုင်းနဲ့တွက်မယ်ဆိုရင် အထက်တန်းအဆင့်မှာ(၁း၃၀)၊ အလယ်တန်းအဆင့်မှာ(၁း၂၄)၊ မူလတန်းအဆင့်မှာ(၁း၄၇) ပဲရှိတာကို တွေ့ရပါတယ်။ အလယ်တန်းအဆင့်မှာ(၁း၂၄)သည် အလယ်တန်းပြဆရာဆရာမအားလုံးသည် အလယ်တန်းသင်တာမဟုတ်ပါဘူး။ တချို့အလယ်တန်းပြဆရာဆရာမတွေသည် မူလတန်းမှာ မူလတန်းပြအဖြစ်နဲ့ မူလတန်းပညာရေးကိုလည်း သင်ကြားပို့ချပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ သယ်န်းကျွန်းမြို့နယ်မှာ ဆရာနှင့်ကျောင်းသားဦးရေအချိုးအရ တခြားမြို့နယ်တွေထက်စာလို့ရှိရင်တော့ လုံလောက်မှုတမှုရှိနေသေးတယ်ဆိုတာကို ကျွန်တော်တို့ စိစစ်တွေ့ရှိရပါကြောင်းနှင့် အကယ်၍ လိုခြင်း/ပိုခြင်းတွေကိုတော့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေမှာ တင်ပြပြီးတော့မှ ဒါတွေကို ဆက်လက်စိစစ်ပြီးတော့မှ ဆောင်ရွက်သွားလို့ရပါကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးရွှေလှ(ခ)ဦးရွှေလှဝင်း(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆက်စပ်မေးခွန်း မေးခွင့်ပြုပါခင်ဗျား။ ကျွန်တော်မေးတာက လူဦးရေဘယ်နှစ်သိန်းရှိတယ်။ ကျွန်တော်တို့သယ်န်းကျွန်း ဘယ်နှစ်သိန်းရှိတယ်။ ဒါကို အဓိကမဟုတ်ပါဘူး။ အထက်တန်းကျောင်းတွေမှာရှိတဲ့ မူလတန်းအဆင့်မှာ ကျောင်းသားတွေကများပြီးတော့ ဆရာတွေကနည်းနေတာကို ဘယ်လိုဖြေရှင်းမလဲ။ မူလတန်းကျောင်းတွေမှာ ၁၀ ကျောင်းမှာ ကျောင်းသားအရေအတွက် အလွန့်အလွန်နည်းနေတာကို ဘယ်လိုဖြေရှင်းမလဲဆိုတဲ့မေးခွန်းကို ကျွန်တော် အဓိကထားမေးခြင်းဖြစ်ပါတယ်။ အဲဒီတော့

ကျွန်တော် ဆက်စပ်မေးချင်တဲ့မေးခွန်းကတော့ အထက်တန်းကျောင်းတွေမှာ အခု မူလတန်းကျောင်းသားတွေ အရေအတွက်များနေတာကို ကျွန်တော်တို့က တစ်နည်းအားဖြင့် အ.ထ.က(၁)နှင့် အ.ထ.က(၃)မှာလုပ်သလို မူလတန်းအဆင့်တွေကို အထက်တန်းကျောင်းမှာမထားဘဲနဲ့ အထက်တန်းကျောင်းတွေမှာ (၅)တန်းအဆင့်ကစသင်မယ်ဆိုလို့ရှိရင်ရော အဆင်မပြေနိုင်ဘူးလား။ မူလတန်းကျောင်းသားတွေရဲ့မမျှတမှုဟာ မျှတသွားမလား။ ဒီအချက်ပါ။ နောက်တစ်ချက်ကတော့ ကျောင်း ၁၀ ကျောင်းမှာ ကျောင်းသားအရေအတွက်နည်းနေတာကို ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ။ အဲဒီတော့ ကျွန်တော်တို့ပြည်သူတွေရဲ့ဆန္ဒကတော့ ဘာဖြစ်လို့ကျောင်းသားဦးရေနည်းနေရသလဲဆိုရင် ဒီကျောင်းတွေကအောင်လို့ရှိရင် ကိုယ်တက်ချင်တဲ့အထက်တန်းကျောင်းကို မတက်ရမှာစိုးလို့ ဒီလိုဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ပြောချင်တာကတော့ ဒီကျောင်း ၁၀ ကျောင်းကို အထူးအခွင့်အရေးပေးတဲ့အနေနဲ့ ဒီကျောင်း ၁၀ ကျောင်းကအောင်တဲ့ကျောင်းသားတွေကို မိမိတို့တက်လိုတဲ့အထက်တန်းကျောင်းတွေမှာ တက်ခွင့်ပေးမယ်လို့ သတ်မှတ်ချက်လေးတစ်ခုကို ပြုလုပ်ပေးလို့ရှိရင် ဒီကျောင်းက ကျောင်းသားအရေအတွက်တိုးလာမှာဖြစ်တဲ့အတွက် အဲဒီလိုလုပ်ပေးနိုင်ရင်ရော မရဘူးလားလို့ ကျွန်တော့်အနေနဲ့ မေးခွန်းနှစ်ခုကို ထပ်ဆင့်ပြီးတော့ မေးလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ဒါကျောင်းအပ်နှံရေးဆိုလို့ရှိရင် သူ့ရဲ့ School Catchment Area ပေါ့။ ကျွန်တော်တို့ ဒါကျောင်းအပ်နှံလို့ရတဲ့မြို့နယ်တွေသတ်မှတ်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာဆိုလို့ရှိရင်တော့ မြို့ပေါ်တွေမှာကြည့်မယ်ဆိုလို့ရှိရင်တော့ မူလတန်းတွေထက်စာလို့ရှိရင်တော့ အထက်တန်းကျောင်းတွေကို မိဘပြည်သူတွေက၊ ပြည်သူလူထုကနေပြီးတော့မှ ပိုမိုပြီးတော့ အပ်နှံလိုကြတာတွေလည်းပဲ ရှိပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ကတော့ School Catchment Area အရ ကျွန်တော်တို့အနေနဲ့ ကျောင်းအပ်နှံတဲ့နယ်မြေဒေသတွေကို သတ်မှတ်ပြီးတော့မှ အပ်နှံတဲ့ဟာကို ကျွန်တော်တို့ဆောင်ရွက်ပါတယ်။ ဒီလိုဆောင်ရွက်ရခြင်းကလည်းပဲ ရန်ကုန်တိုင်းဒေသကြီးအတွင်းထဲမှာ မြို့ပြင်နေရာတွေကလည်းပဲ ဒီလိုမျိုး School Catchment Area အရ မသတ်မှတ်ဘဲနဲ့ဆောင်ရွက်မယ်ဆိုလို့ရှိရင် မြို့အတွင်းထဲကို ဒီလိုမျိုး အများကြီးလာရောက်အပ်ကြမယ့်ဟာတွေရှိသလို မိဘတွေက သူတို့သားသမီးတွေရဲ့ ပညာသင်ယူတတ်မြောက်ရေးအတွက်လည်းပဲ ကျောင်းတွေရဲ့အရည်အသွေး ကောင်းဖို့လို့အတွက်ကို ပိုမိုပြီးတော့ အပ်နှံကြလိုတာရှိပါတယ်။

**မှုကြမ်း**

ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ကတော့ ကျောင်းတိုင်းမှာ ပညာသင်ယူမှုမျှတရေးနှင့် အရည်အသွေး အားလုံးမြှင့်တင်ရေးအတွက်ကတော့ ဆရာဆရာမတွေကို ပိုမိုပြီးတော့ အရည်အသွေး မြင့်မားရေးအတွက် ကျွန်တော်တို့ Pre Service Training တွေကိုရော မြှင့်တင်ပြီးတော့ ဒါကြောင့် မို့လို့ ပညာရေးကောလိပ်တွေကို ပညာရေးဒီဂရီကောလိပ်တွေအဖြစ် အဆင့်မြှင့်တင်ပေးဖို့ ဆောင်ရွက် နေပါတယ်။ ပြီးရင် ဆရာဆရာမတွေကိုလည်း In Service Training တွေ များများပေးပြီးတော့ ဆောင်ရွက်မယ်ဆိုရင် ကျောင်းတွေရဲ့အရည်အသွေးတွေသည် ကျောင်းအားလုံး ပိုမိုပြီးတော့ မြင့်မားလာမှာဖြစ်ပါတယ်။ ပိုမိုပြီးတော့မြင့်မားလာမယ်ဆိုလို့ရှိရင်တော့ သဘောသဘာဝအားဖြင့် တော့ အထက်တန်းကျောင်းမှာရှိတဲ့ ဆရာဆရာမတွေသည် ပိုပြီးတော့ Mature ဖြစ်တယ်။ ရင့်ကျက်မှု ပိုရှိတယ်။ ပြီးရင် experience ပိုပြီးတော့ရှိတယ်။ အတွေ့အကြုံပိုပြီးတော့ရှိတယ်။ ပြီးရင် Quality အနေနဲ့လည်းပဲ ပိုပြီးတော့ တခြားကျောင်းရဲ့ဆရာဆရာမတွေထက် Quality ပိုကောင်းကြတဲ့အတွက် လည်းပဲ မိဘတွေက သူတို့တွေရဲ့သားသမီးတွေကို အထက်တန်းကျောင်းတွေမှာ အပ်လိုကြတဲ့ဆန္ဒ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ကတော့ ဒီလိုမျိုးရှိနေတဲ့ကျောင်းတွေကို ကျွန်တော် တို့အနေနဲ့ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားသလို မူလတန်းကျောင်းတွေမှာ တက် ရောက်ခွင့်ရတယ်ဆိုလို့ရှိရင် သူတို့တွေရဲ့ဒေသအတွင်းထဲမှာပဲရှိတဲ့၊ Catchment Area အတွင်း ထဲမှာပဲရှိတဲ့ အထက်တန်းကျောင်းတွေမှာ ဆက်လက်ပြီးတော့ ပညာသင်ယူခွင့်ရရှိရေးကိုလည်းပဲ ကျွန်တော်တို့အနေနဲ့ ဒါကို အကောင်းဆုံးစဉ်းစားပြီးတော့ စိစစ်ပြီးတော့ ကျွန်တော်တို့အနေနဲ့ နောက် ပညာသင်နှစ်မှာ စိစစ်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်ခင်ဗျား။

**ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်ရှိ မြို့နယ်ပညာရေးမှူးရုံး မြေနေရာအား အဏ္ဏဝါမင်းဆောက်လုပ် ရေးကုမ္ပဏီနှင့် ပညာရေးဝန်ကြီးဌာနတို့ သဘောတူညီမှုဖြင့် ဆောင်ရွက်နေသော မြို့နယ် ပညာရေးမှူးရုံး ဆောက်လုပ်ပေးပြီး ကျန်မြေနေရာများအားကုမ္ပဏီမှ မည်ကဲ့သို့ဆောင်ရွက်၍ နိုင်ငံတော်အတွက် အကျိုးရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲလွင်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း

ဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်မှာရှိတဲ့ မြို့နယ်ပညာရေးမှူးရုံးမြေနေရာအား အဏ္ဏဝါမင်းဆောက်လုပ်ရေးကုမ္ပဏီနှင့် ပညာရေးဝန်ကြီးဌာနတို့ သဘောတူညီမှုဖြင့်ဆောင်ရွက်နေသော မြို့နယ်ပညာရေးမှူးရုံး ဆောက်လုပ်ပေးပြီး ကျန်မြေနေရာအား ကုမ္ပဏီမှမည်ကဲ့သို့ဆောင်ရွက်၍ နိုင်ငံတော်အတွက် အကျိုးရှိ/မရှိနှင့် မရှိပါက သဘောတူညီမှုအား ဖျက်သိမ်းပေးဖို့အစီအစဉ်ရှိ/မရှိ၊ မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဗဟိုလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄/အေ)၊ မြေကွက်အမှတ်(၄၁)၊ မြေဧရိယာအကျယ်(၁၃၉/၁၆၆)ပေ၊ မြို့နယ်ပညာရေးမှူးရုံး မြေနေရာအစိတ်အပိုင်းမှာ ၄၅ x ၃၅ ပေ၊ RC သုံးထပ်တိုက်၊ မြို့နယ်ပညာရေးမှူးရုံး ဆောက်လုပ်ခွင့်ပြုကြောင်း၊ ဆောက်လုပ်မှုကို ပညာရေးဝန်ကြီးရုံး၏ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၅)ဖြင့် သဘောတူညီခဲ့ကြောင်း သိရပါတယ်။ ယခုအခါ အဏ္ဏဝါမင်းဆောက်လုပ်ရေးကုမ္ပဏီမှ အလုံမြို့နယ်ပညာရေးမှူးရုံး အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှာ မြို့နယ်ပညာရေးမှူးရုံးကို အကြောင်းကြားလာပါတယ်။ ယခုအခါနိုင်ငံတော်အစိုးရအနေနဲ့ ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးအတွက် အထူးဦးစားပေးဆောင်ရွက်နေတဲ့အချိန်လည်း ဖြစ်ပါတယ်။ ယခုမြေနေရာဟာ တန်ကြေးအရ အလွန်တန်ဖိုးရှိသော မြေနေရာဖြစ်ပြီးတော့ အချက်အချာကျပြီး မြေလွတ်များ ရှားပါးနေတဲ့နေရာလည်း ဖြစ်ပါတယ်။ အကယ်၍ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများ၊ ပညာရေးနှင့်သက်ဆိုင်သော သင်တန်းကျောင်းများဆောက်လုပ်ရန် ၎င်းမြေနေရာကိုထားရှိပါက ပိုပြီးတော့သင့်တော်မည်ဟု ယူဆပါတယ်။ ၎င်းမြေနေရာအား အဏ္ဏဝါမင်းဆောက်လုပ်ရေးကုမ္ပဏီမှ မည်သို့ဆောင်ရွက်၍ ပညာရေးဌာနနှင့်နိုင်ငံတော်အတွက် မည်မျှအကျိုးရှိမည်ကို ပွင့်လင်းမြင်သာမှုလည်း မတွေ့ရပါဘူး။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား အထက်ပါမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်ရဲ့မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဗဟိုလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄/အေ)၊ မြေကွက်အမှတ်(၄၁)သည် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (ယခင်အခေါ်) အမည်ပေါက်မြေ ဖြစ်ပါတယ်။ အဆိုပါမြေ၏ တစ်စိတ်တစ်ဒေသဖြစ်သော ဧရိယာ ၀.၃၇၇ ဧကသည် ယခင်က အမှတ်(၅)အခြေခံပညာမူလတန်းကျောင်း (အလုံ)အဖြစ်ဆောက်လုပ်ထားခဲ့ပြီး ယခုအခါ ထိုကျောင်း၏ကျောင်း Sanction ကိုရုပ်သိမ်းပြီး ပညာရေးမှူးရုံးအဖြစ် ဆောက်လုပ်ဖွင့်လှစ်ထားခြင်းဖြစ်သော်လည်း ပညာရေးဌာနပိုင်မြေအဖြစ် ရရှိမှုမရှိသေးသည်ကို စိစစ်တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ဒီမြေပေါ်မှာ အဏ္ဏဝါမင်းဆောက်လုပ်ရေးကုမ္ပဏီနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ သဘောတူညီမှုအရ ခေတ်မီအဆောက်အဦ သုံးထပ်တည်ဆောက်ရေးနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (ယခင်အခေါ်)မှ ပညာရေးဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အဆိုပါကိစ္စအပေါ် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ်(၆/၂၀၁၅)တွင် တင်ပြခဲ့ရာအစည်းအဝေးတွင် (၄၅ x၃၅)ပေ၊ RC သုံးထပ်အဆောက်အဦနှင့် မြေနေရာကို လွှဲပြောင်းပေးအပ်မည်ဆိုပါက ဆောက်လုပ်မှုကို သဘောတူပါကြောင်း ဆုံးဖြတ်ခဲ့ပါတယ်။

ထို့ကြောင့် ယခုလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသောကိစ္စသည် အဏ္ဏဝါမင်းဆောက်လုပ်ရေးကုမ္ပဏီနှင့် ပညာရေးဝန်ကြီးဌာနတို့ သဘောတူဆောင်ရွက်ခြင်းမဟုတ်ဘဲ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်သာ သဘောတူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ မြို့နယ်ပညာရေးမှူးရုံးရှိနေသည့်အတွက် မြို့နယ်ပညာရေးမှူးရုံးအား အသစ်ပြန်လည်ဆောက်လုပ်ပေးရန်နှင့် မြေနှင့်အဆောက်အဦအား အပြီးအပိုင်လွှဲပြောင်းပေးမည်ဆိုပါက အဆောက်အဦသစ်ဆောက်လုပ်ခြင်းကို ကန့်ကွက်ရန်မရှိကြောင်းကိုသာ ပြန်ကြားခဲ့ပြီး ကျန်မြေဧရိယာနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်မှုမရှိပါကြောင်း တင်ပြအပ်ပါတယ်။

**မူကြမ်း**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားမှုအရ အလုံမြို့နယ်၊ ဗဟိုလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄/အေ)၊ မြေကွက်အမှတ်(၄၁) အစိတ်အပိုင်း၏ မြေဧရိယာ ၀.၃၇၇ ဧကရှိ အစိုးရမြေပေါ်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ယခုအခေါ်)နှင့် အဏ္ဏဝါမင်းဆောက်လုပ်ရေး ကုမ္ပဏီတို့ အကျိုးတူပူးပေါင်း၍ ပညာရေးမှုးရုံးအတွက် (၄၅ x ၃၅)ပေ၊ RC သုံးထပ် အဆောက်အဦ တစ်လုံးနှင့် Basement ၁၅ ထပ်၊ Penthouse ကားပါကင် ၄ ထပ်၊ ဓာတ်လှေကားနှစ်စင်းပါ အဆောက်အဦတစ်လုံး ဆောက်လုပ်မည်ဖြစ်ပြီး အခန်းစုစုပေါင်း ၄၅ ခန်းနှင့် Penthouse ပါရှိမည် ဖြစ်ကြောင်းနှင့် အကျိုးအမြတ်ခွဲဝေမှုအရ ဌာနမှ ၄၂ ရာခိုင်နှုန်း၊ လူနေအခန်း ၁၉ ခန်းနှင့် ကုမ္ပဏီမှ ၅၈ ရာခိုင်နှုန်း အခန်း ၂၅ ခန်း၊ Penthouse ရရှိမည်ဖြစ်သည်ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေါင်းစပ်ဖြေကြားခဲ့ခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပညာရေးဝန်ထမ်းများအတွက် တရားဝင်ခွင့်ပြုထားသော မီးဖွားခွင့်(၆)လ ခွင့်ယူနေစဉ်အတွင်း ငှားလစ်လပ်နေရာများအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မန်တိုမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းမိုး(မန်တုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အားလုံး မင်္ဂလာပါ။ ကျွန်မကတော့ မန်တုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ယခုမေးမြန်းမည့်မေးခွန်းကတော့ ပညာရေးဝန်ထမ်းများအတွက် တရားဝင်ခွင့်ပြုထားသော မီးဖွားခွင့်ခြောက်လခွင့်ယူနေစဉ်အတွင်း ငှားလစ်လပ်နေရာများအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများ ကိုယ်စား မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ယခုမေးခွန်းမေးမြန်းရခြင်းနဲ့ပတ်သက်ပြီးတော့ ကျိုးကြောင်း ဖော်ပြချက်ကို တင်ပြပါရစေ။ ပထမအကြိမ် လွှတ်တော်သက်တမ်းတွင် ပညာရေးဝန်ထမ်းများအတွက် မီးဖွားခွင့်ခြောက်လအဖြစ် လွှတ်တော်၌အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ ဤအတည်ပြုပြဋ္ဌာန်းချက်သည် အလွန်ပင်ကောင်းမွန်သောပြဋ္ဌာန်းချက်ဖြစ်သော်လည်း အမှန်တကယ်လက်တွေ့ကျင့်သုံးတဲ့အခါ များစွာအခက်အခဲရှိနေကြောင်း သိရပါတယ်။ ၂၀၁၅ ပညာသင်နှစ်မှစ၍ တရားဝင်ခွင့်ပြုထားသော မီးဖွားခွင့်ခြောက်လနှင့်ပတ်သက်၍ ကျွန်မ၏မြို့နယ်တွင် တာဝန်ထမ်းဆောင်သော ပညာရေးဝန်ထမ်း များသည် လုပ်ငန်းခွင်တွင်အခက်အခဲရှိကြောင်း တစ်နှစ်လျှင် ပညာသင်ကာလ ၁၀ လသာရှိပြီး

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျွန်မတို့ အ.ထ.က(မန်တုံ)မြို့တွင် မီးဖွားခွင့် နှစ်ဦးရှိသည့်အတွက် စာသင်နှစ်သာကုန်သွားသော်လည်း အချိန်မီအစားထိုးရောက်မလာခြင်းကြောင့် မိမိတို့ ဆရာဆရာမများ အခက်အခဲများနှင့် ရင်ဆိုင်ရကြောင်း ပြောကြားခဲ့ကြပါတယ်။ ထို့အပြင် ဆရာဆရာမနှစ်ဦးသာခန့်ထားနိုင်သည့် မြို့နယ်ရှိဝေးလံပြီး ဆက်သွယ်ရေးခက်ခဲသည့်အချို့ကျေးရွာများရှိ မူလတန်းကျောင်းများတွင် ဆရာမတစ်ဦးသည် မီးဖွားခွင့်ယူလိုက်လျှင် ကျန်ရှိသည့်ဆရာမတစ်ဦးနှင့် ကလေးငယ်များအတွက် များစွာအခက်အခဲရှိပါတယ်။ အမျိုးသမီးဝန်ထမ်းများအတွက် မီးဖွားခွင့်ခြောက်လခွင့်ပြုခြင်းသည် အလွန်ပင်ကောင်းမွန်တဲ့ခွင့်ပြုခြင်းမျိုးဖြစ်သည့်အတွက် ကျွန်မတို့အမျိုးသမီးဝန်ထမ်းများကိုယ်စား အထူးပဲကျေးဇူးတင်ရှိပါတယ်။ မဲဆန္ဒရှင်ပြည်သူများအားလုံးအတွက် ကိုယ်စားပြောပါရစေ။ သို့သော်လည်း မီးဖွားခွင့်ခြောက်လအတွက် ပညာရေးတွင် ရင်ဆိုင်နေရသော အခက်အခဲပြဿနာများစွာရှိနေသေးတာကို ဝမ်းနည်းစွာတွေ့မြင်ရပါတယ်။ အထူးသဖြင့် ဆရာဆရာမတစ်ဦးမီးဖွားခွင့်ယူနေစဉ် ၎င်းလစ်လပ်နေရာ၌ အချိန်မီအစားမထိုးနိုင်ခြင်း၊ အချိန်မီအစားထိုးမပေးနိုင်ခြင်း ကြောင့် လစ်လပ်နေရာတွင် တခြားဆရာဆရာမများ တာဝန်ယူသင်ကြားရခြင်းကြောင့် အစားထိုးသင်ကြားရသည့်ဆရာမများသည် သတ်မှတ်ချိန်ထက် စာသင်ချိန်များ ပိုများလာခြင်း၊ အစားထိုးသင်ကြားပေးသည့်ဆရာဆရာမများအနေဖြင့် မိမိ၏ဘာသာရပ်မဟုတ်ဘဲ သင်ကြားရခြင်းကြောင့် ကျောင်းသူကျောင်းသားများအတွက် များစွာနစ်နာမှုရှိခြင်း စသည့်အခက်အခဲများနှင့် ကြုံတွေ့နေရပါတယ်။ ဝန်ထမ်းများနေရာချထားမှုကို မြို့နယ်ပညာရေးမှူးအနေနဲ့ စီမံခန့်ခွဲပိုင်ခွင့်ရှိသော်လည်း ဝန်ထမ်းအင်အားမလုံလောက်ပါက စီမံခန့်ခွဲနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဝန်ကြီးဌာနအနေဖြင့် ပညာရေးဝန်ထမ်းများ တိုးမြှင့်ခန့်အပ်ထားမှသာလျှင် တာဝန်ယူမှုနှင့် တာဝန်ခံမှု၊ တာဝန်ခံရသော ဆရာဆရာမများအနေဖြင့် တာဝန်များကျေပွန်စွာဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ကျောင်းသူကျောင်းသားများ စာသင်ယူမှုပိုင်းစနစ် နစ်နာမှုမရှိစေရန်အတွက် မည်ကဲ့သို့ဆောင်ရွက်ထားသည်ကို သိရှိလိုသောကြောင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်၊ မန်တုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးရဲ့မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် ပါရှိသော မီးဖွားခွင့်အမျိုးအစားအရ ကိုယ်ဝန်ဆောင်မိခင်နိုင်ငံ့ဝန်ထမ်းအားလုံးအတွက် အကျုံးဝင်ပါသဖြင့် ပညာရေးဝန်ထမ်းများအတွက် မီးဖွားခွင့်တွေကို ဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများမှ ဆရာဆရာမများနှင့် စီမံခန့်ခွဲရေးဝန်ထမ်းများအားလုံးကို တည်ဆဲနိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ခွင့်ခံစားခွင့်များအတိုင်း ခွင့်ပြုလျက်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေနဲ့ မည်သည့်ခွင့်အမျိုးအစားကိုမဆို ခံစားခွင့်ပြုရန် တင်ပြတဲ့အခါမှာ ခွင့်ခံစားနေစဉ်ကာလအတွင်း မိမိရဲ့တာဝန်ကို မည်သူ့ထံ လွှဲအပ်ပါတယ်လို့ ဖော်ပြပါရှိသလို လွှဲအပ်ခံရသူကလည်း ပူးပေါင်းဆောင်ရွက်ပြီးတော့မှသာ ဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ထမ်းတစ်ဦးခွင့်ခံစားနေစဉ်မှာ ၎င်းရဲ့တာဝန်ကို လွှဲပြောင်းပေးအပ်ခဲ့တဲ့ ဝန်ထမ်းတစ်ဦးကလည်းကောင်း၊ အခြားသင့်လျော်တဲ့ဝန်ထမ်းတစ်ဦးအားလည်းကောင်း တွဲဖက်တာဝန်ပေး၍ လုပ်ငန်းများလစ်ဟင်းမှုမရှိအောင် စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဆရာနည်းပါးတဲ့ ကျေးလက်ဒေသတွေရဲ့ အခြေခံပညာကျောင်းအချို့မှာ မီးဖွားခွင့်ယူတဲ့ဆရာဆရာမများရှိပါက သင်ကြားရေးတာဝန်ပျက်ကွက်မှုမရှိစေရန် သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးများက နီးစပ်ရာကျောင်းများအနက် ဆရာဆရာမအရေအတွက် လုံလောက်စွာရှိတဲ့ ကျောင်းများမှ ဆရာဆရာမများကိုလည်းကောင်း၊ ကျောင်းသားကျောင်းသူအရေအတွက်နည်းပြီး ဆရာဆရာမပိုနေသည့်ကျောင်းများမှ ဆရာဆရာမကိုလည်းကောင်း၊ School Cluster အရ၊ အမျှတနိုင်ဆုံး Work Load အရ တွဲဖက် တာဝန်ပေး၍လည်းကောင်း ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းသားဦးရေကိုကြည့်မယ်ဆိုရင်လည်း မနှစ်က ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူစုစုပေါင်း အစိုးရမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတွေမှာ ၈.၇ သန်းရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျောင်းအပ်နှံတဲ့ကာလတွေမှာ အခမဲ့အခြေခံပညာရေးကိုလည်းပဲ ကျွန်တော်တို့ အားသွန်ခွန်စိုက်နဲ့၊ ထိထိရောက်ရောက်နဲ့ ငွေကြေးမကောက်ခံဘဲ လက်ဆောင်ပစ္စည်း

**မူကြမ်း**

လက်မခံဘဲနဲ့ ကျောင်းအဆင့်တွေကို တိုးမြှင့်ပြီးတော့ ဆောင်ရွက်လိုက်တဲ့အခါမှာ ကျောင်းသားကျောင်းသူဦးရေစုစုပေါင်းသည် ယခုပညာသင်နှစ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူစုစုပေါင်း ကိုးသန်းကျော်ရှိတာပါ။ ဒါကြောင့်မို့လို့ ကျောင်းသားကျောင်းသူဦးရေသည် သုံးသိန်းကျော် တိုးတက်များပြားလာတာကို တွေ့ရပါတယ်။ ကျောင်းသားကျောင်းသူဦးရေ သုံးသိန်းကျော် တိုးတက်များပြားလာတာကို ကြည့်မယ်ဆိုလို့ရှိရင် ကျောင်းသားကျောင်းသူဦးရေများပြားလာတာအရ စာသင်ခန့်ခွဲမယ်ဆိုရင်လည်း စာသင်ခန်းဦးရေ တစ်သောင်းနီးပါး လိုအပ်ပါတယ်။ ဒီလိုပဲစာသင်ခန်းအရပဲကြည့်မယ်ဆိုရင် ဆရာဆရာမဦးရေ တစ်သောင်းကျော် ကျွန်တော်တို့ လိုအပ်တာဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့နေတဲ့ ကျောင်းအဆင့်တွေတိုးမြှင့်သလို ဆရာဆရာမတွေတာဝန်ပေးအပ်ခန့်ထားနိုင်ရေးကိုလည်းပဲ ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဥပမာအနေနဲ့တင်ပြရမယ်ဆိုရင် မနေ့က ကျွန်တော် ကယားပြည်နယ်ကို အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအတွက် ရောက်ရှိခဲ့ပါတယ်။ အဲဒီမှာ အခြေခံပညာ ကျောင်းအုပ်တွေ၊ မြို့နယ်ပညာရေးမှူးတွေ၊ ခရိုင်ပညာရေးမှူးတွေ၊ ပြည်နယ်ပညာရေးမှူးတွေနဲ့ တွေ့ဆုံတဲ့အခါမှာ မူလတန်းကျောင်းအုပ်တစ်ဦးကို မေးတဲ့အခါမှာဆိုရင် ကျောင်းသားကျောင်းသူဘယ်လောက်ရှိလဲလို့မေးတဲ့အခါမှာ ငါးဦးပဲရှိပါတယ်။ ဆရာဆရာမအနေနဲ့ ခန့်ထားမှုသည် ကျွန်တော်တို့ လေးဦးရှိတာကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒီလိုမျိုးဆရာဆရာမတွေ လိုခြင်း၊ ပိုခြင်း Work Load အရလိုခြင်း၊ ပိုခြင်းတွေကိုလည်းပဲ School Cluster လို့ခေါ်တဲ့ ကျောင်းအုပ်စုအလိုက်၊ ကျောင်းမိသားစုအုပ်စုအလိုက် ဒါတွေကိုလည်းပဲ ပြည်နယ်ပညာရေးမှူးအနေနဲ့၊ တိုင်းဒေသကြီးပညာရေးမှူးများကနေပြီးတော့မှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ Cabinet တင်ပြပြီးတော့မှ ဒါတွေကို ခွင့်ပြုချက်ရယူပြီး ဒါတွေကိုလည်းပဲ စီစဉ်ဆောင်ရွက်ပေးဖို့အတွက် ကျွန်တော်တို့အနေနဲ့ ဒီလိုမျိုးတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ယခုလိုမီးဖွားခွင့်ယူနေတဲ့ဆရာဆရာမတွေအတွက်လည်းပဲ ဒီလိုပဲ School Cluster အရပဲ ကျွန်တော်တို့အနေနဲ့ လတ်တလောဒီလိုပဲ ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ကျောင်းသားကျောင်းသူဦးရေ တိုးတက်များပြားလာတာအရ လိုအပ်နေတဲ့ဆရာဆရာမတွေ ခန့်ထားနိုင်ရေးကိုလည်းပဲ ကျွန်တော်တို့အနေနဲ့ ဒါတွေကိုလည်းပဲ

အလေးအနက်ထားပြီးတော့ တတ်နိုင်သလောက် အကောင်းဆုံးစီစဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဥက္ကဋ္ဌကြီးအား လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အခြေခံပညာပုံနှိပ်ဖတ်စာအုပ်များ ရိုက်နှိပ်ခွင့်နှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနမှ စီမံဆောင်ရွက်ထားပုံ၊ ပုံနှိပ်စာအုပ်များ ကျောင်းဖွင့်ချိန်အမီ မရရှိခြင်း၊ ကျောင်းသားဦးရေနှင့်အညီ မရရှိခြင်းတို့အတွက် မည်သူကတာဝန်ခံမည်နှင့် ကျောင်းသုံးဖတ်စာအုပ်အသစ်များသည် ကျောင်းသားများလက်ထဲသို့မရောက်ခင် ပြင်ပတွင်ရောင်းချနေခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ကိုကိုဦး ဖြစ်ပါတယ်။ ကျွန်တော် အဓိကမေးချင်တဲ့မေးခွန်းကတော့ အခြေခံ ပညာပုံနှိပ်ဖတ်စာအုပ်များ ရိုက်နှိပ်ခွင့်နှင့်ပတ်သက်ပြီးတော့ ပညာရေးဝန်ကြီးဌာနက စီမံဆောင်ရွက်ထားပုံ၊ ပုံနှိပ်စာအုပ်များ ကျောင်းဖွင့်ချိန်အမီ မရရှိခြင်း၊ ကျောင်းသားဦးရေနှင့်အညီ မရရှိခြင်းတို့ အတွက် မည်သူကတာဝန်ခံမည်နည်းနှင့် ကျောင်းသုံးဖတ်စာအုပ်အသစ်များကို ကျောင်းသားများ လက်ထဲသို့မရောက်ခင် ပြင်ပတွင်ရောင်းချနေခြင်းနှင့်စပ်လျဉ်းပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ မေးမြန်းရခြင်းအကြောင်းအရင်းကတော့ ကျွန်တော်တို့ အခုနှစ်မှာလည်း ဖတ်စာအုပ်နှင့်ပတ်သက် ပြီးတော့ ကျောင်းတွေမှာမလုံမလောက်ဖြစ်ပါတယ်။ မလုံမလောက်ဖြစ်တဲ့အခါကျတော့ အဲဒီတော့ ယခု နှစ်မှာတော့ဖြစ်ပြီ။ ဒါဆိုရင် လာမည့်နှစ်မှာ ဘယ်လိုစီမံခန့်ခွဲထားမလဲဆိုတာကို သိချင်တဲ့အတွက် ကြောင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

နောက်တစ်ခုကလည်း ကျောင်းဖွင့်တဲ့အချိန်မှာ စာအုပ်တွေအချိန်မီမရရှိခြင်းနှင့် ကျောင်းသား အရေအတွက်အတိုင်း မရရှိတဲ့အခါကျတော့ ကျွန်တော်တို့က ဒါကိုဘယ်သူကတာဝန်ခံမလဲဆိုတာပါ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့က မြို့နယ်ကိုမေးပါတယ်။ မြို့နယ်က ခရိုင်၊ ခရိုင်က ပြည်နယ်၊ ပြည်နယ်က ပြည်ထောင်စုကမလာလို့ဆိုတဲ့ အဆင့်ဆင့်တာဝန်ခံမှုနဲ့ပဲ သွားပါတယ်။ အဲဒီတော့ ကျိန်းသေတာတစ်ခုကတော့ နိုင်ငံတော်ဘတ်ဂျက်နှင့် ဒီစာအုပ်တွေရိုက်နှိပ်တယ်။ ပြီးတော့ ပြည်သူကို ပေးမယ်လို့လည်း တရားဝင်ပြောထားတယ်။ ကျောင်းသားတွေကို ပေးမယ်လို့လည်းတရားဝင်ပြော

ထားတယ်။ ဒါပေမဲ့ ကျောင်းသားတွေက နိုင်ငံတော်ကတော့ပေးတယ်။ ကျောင်းသားတွေကတော့ ပေးကားပေး၏ မရဖြစ်နေပါတယ်။ အဲဒီတော့ ဒါနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာနအနေနဲ့ ဒါတွေကို စီမံခန့်ခွဲပါသလား။ နောက်တစ်ခုက တင်ဒါပေးပါသလား။ အဲဒီလိုပေးတဲ့အခါကျရင်လည်း ကုမ္ပဏီနှင့် ပတ်သက်ပြီးတော့ ဘယ်လိုမျိုး Agreements တွေရှိပါသလဲဆိုတာ သိချင်ပါတယ်။

နောက်ဆုံးတစ်ခုကတော့ ဒီကျောင်းသုံးစာအုပ်တွေက အဲဒီလိုပေးတဲ့အခါကျရင် ကျောင်းသား အရေအတွက်နဲ့ ပြည့်ပြည့်ဝဝမရပေမယ့်လည်း အပြင်မှာကျတော့ ဝယ်လို့ရပါတယ်။ အဲဒီတော့ အဲဒီလိုဝယ်လို့ရတဲ့အခါကျတော့ ဝယ်တဲ့အခါကျရင် လိုအပ်တာက စာအုပ်တစ်အုပ်ဖြစ်ပါစေ ဝယ်တဲ့ အခါကျရင် ဘာသာတွဲအလိုက်ဝယ်ရပါတယ်။ အဲဒီအခါကျတော့ ဒီဈေးကွက်ကြီးကလည်း အပြင်မှာ ဖြစ်နေတဲ့အခါကျတော့ ကျောင်းသုံးစာအုပ်နှင့်ပတ်သက်ပြီးတော့ အပြင်မှာကလိုသလောက်ဝယ်လို့ ရတယ်။ နိုင်ငံတော်က ကျောင်းသားတွေကို အခမဲ့ပေးတယ်လို့ပြောတယ်။ ဒါပေမဲ့ ကျောင်းသားတွေက မရဘူး။ အဲဒီအတွက်ကြောင့် ပြင်ပမှာအဲဒီလိုရောင်းချနေခြင်းနှင့် ပတ်သက်ပြီးတော့ကော ဘယ်လိုမျိုး စီမံဆောင်ရွက်ဖို့ရှိပါသလဲဆိုတဲ့မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစား ရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦးရဲ့ မေးခွန်းအား ရှင်းလင်းတင်ပြ သွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အခြေခံပညာပုံနှိပ်စာအုပ် များ ရိုက်နှိပ်ခွင့်နှင့်ပတ်သက်၍ အခြေခံပညာပုံနှိပ်စာအုပ်များကို နှစ်စဉ်အခြေခံပညာဦးစီးဌာနက တာဝန်ယူ၍ ပုံနှိပ်ဖြန့်ဝေလျက်ရှိပါတယ်။ ထိုသို့ ရိုက်နှိပ်ဖြန့်ဝေနိုင်ရန်အတွက် လိုက်နာကျင့်သုံးရမယ့် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်လျက် ရှိပါတယ်။ အိတ်ဖွင့်တင်ဒါအောင်မြင်တဲ့ ပုံနှိပ်ထုတ်ဝေရေးကုမ္ပဏီများကို ရွေးချယ်သတ်မှတ်၍ အချိန်မီပြီးစီးရေးနှင့် သက်ဆိုင်ရာ မြို့နယ်များသို့ သတ်မှတ်ရက်အတွင်း အရောက်ဖြန့်ဝေရေးတို့ကို စာချုပ် ချုပ်ဆိုဆောင်ရွက်စေခြင်း

ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ပွင့်လင်းမြင်သာမှုရှိရေး၊ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စေရေးနှင့် အဂတိလိုက်စားမှုကင်းရှင်းစွာဖြင့် မှန်ကန်စွာရွေးချယ်ရေးတို့ကို အဓိကထား၍ အလေးအနက်ထိထိ ရောက်ရောက်ဆောင်ရွက်လျက်ရှိ ပါတယ်။

ပုံနှိပ်စာအုပ်များ ကျောင်းဖွင့်ချိန်အမီမရရှိခြင်းနှင့် ကျောင်းသားဦးရေနှင့်အညီ မရရှိခြင်းတို့နှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနက တာဝန်ခံ၍ ဆောင်ရွက်လျက်ရှိပါတယ်။ အခြေခံပညာဦးစီးဌာနသည် အိတ်ဖွင့်တင်ဒါအောင်မြင်သည့် ကုမ္ပဏီများနှင့် အချိန်မီရိုက်နှိပ်ပြီးစီးရေး သက်ဆိုင်ရာမြို့နယ်များသို့ သတ်မှတ်ချိန်အမီပို့ဆောင်နိုင်ရေးတို့ကို ကန်ထရိုက်စာချုပ်ချုပ်ဆို၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းဖွင့်အမီရောက်ရှိရေးအတွက် ဝေးလံခက်ခဲသောဒေသများကို အစောဆုံးဦးစားပေးပို့နိုင်ရေးအတွက်ကိုလည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ရာသီဥတုအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုနှင့် မမျှော်မှန်းနိုင်သည့်အခြေအနေအရ အလွန်ဝေးလံခေါင်သီသည့်ဒေသများသို့ သတ်မှတ်ချိန်ထက်အနည်းငယ်နောက်ကျ၍ ရောက်ရှိသည်များလည်း ရှိနိုင်ပါတယ်။ ကျောင်းသားဦးရေနှင့်အညီ မရရှိနိုင်ခြင်းမှာ ယခင်နှစ်ကကျောင်းသားဦးရေအမှန်စာရင်းကိုအခြေခံ၍ ခွဲတမ်းပြုစုပေးပို့ရခြင်းဖြစ်တဲ့အတွက် လက်ရှိပညာသင်နှစ်တွင် တက်ရောက်သည့် ကျောင်းသားဦးရေနှင့် အနည်းငယ်ကွာဟမှုရှိနိုင်ပါတယ်။ ကျွန်တော် ခုနတုန်းက တင်ပြခဲ့သလို ကျောင်းသားကျောင်းသူဦးရေသည် ယခုပညာသင်နှစ်မှာဆိုရင် အခမဲ့အခြေခံပညာရေးကို ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်တဲ့အတွက် သုံးသိန်းကျော် ပိုမိုတိုးတက်မြင့်မားလာပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျောင်းသုံးဖတ်စာအုပ်တွေကို ပုံနှိပ်ဖြန့်ဝေဖို့လို့ဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့ တိုးတက်လာတဲ့ ကျောင်းသားကျောင်းသူဦးရေရဲ့ ငါးရာခိုင်နှုန်းကို ထပ်ဆောင်းပြီးတော့ ကျွန်တော်တို့အနေနဲ့ ပုံနှိပ်ဖြန့်ဝေဆောင်ရွက်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ အချို့ကျောင်းတွေမှာ အနည်းငယ်လိုပြီး၊ အချို့ကျောင်းတွေမှာ အနည်းငယ်ပိုပြီးတော့ ရှိနိုင်တာလည်းပဲ ဒါလည်းပဲ ခုနကတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလိုပဲ တချို့ကျောင်းတွေမှာ ကျောင်းအပ်တဲ့လူတွေပိုများလာတယ်။ တချို့ကျောင်းတွေကကျတော့ နည်းသွားတယ်။ ဒါမျိုးတွေဆိုလို့ရှိရင်လည်းပဲ ကျောင်းအုပ်ကြီးတွေအနေနဲ့ ကျောင်းသုံးဖတ်စာအုပ်ပိုသောကျောင်းမှ ဖတ်စာအုပ်တွေကို လိုသောကျောင်းမှဖတ်စာအုပ်တွေကို ကိုယ့်ရဲ့မြို့နယ်အတွင်းမှာ မြို့နယ်ပညာရေးမှူးရဲ့ အစီအစဉ်နဲ့ ကျွန်တော်တို့ ဒီလိုလည်းပဲ ပေါင်းစပ်ပြီးတော့ ဖြန့်ဝေစီစဉ်ဆောင်ရွက်သွားဖို့လို့ကိုလည်းပဲ ကျွန်တော်တို့အနေနဲ့ ဒီပညာသင်နှစ်ကာလအစမှာ ဒီလိုပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ သို့ရာတွင် လိုအပ်ချက်

တွေကို သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးတွေကို တင်ပြပြီးတော့ အခြေခံပညာဦးစီးဌာနကနေပြီး အတည်ပြုဖြည့်ဆည်းပေးလျက်ရှိပါတယ်။ ကျောင်းသုံးဖတ်စာအုပ်များ ကျောင်းသားများလက်ထဲသို့ မရောက်ခင် ပြင်ပတွင်ရောင်းချနေခြင်းကိစ္စနှင့်ပတ်သက်၍ ယခင်က ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာအဆင့်အားလုံးကို ကျောင်းသုံးဖတ်စာအုပ်များ အခမဲ့ ဖြန့်ဖြူးပေးခဲ့ခြင်းမဟုတ်တဲ့ အတွက်ကြောင့်မို့လို့ ပြင်ပမှာဝယ်ယူ၊ ရောင်းချခဲ့ခြင်းတွေရှိပါတယ်။ သို့သော် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်ကစပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် အခြေခံပညာကျောင်းသားကျောင်းသူအားလုံးအတွက် ကျောင်းသုံးဖတ်စာအုပ်တွေကို အခမဲ့ဖြန့်ဝေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နိုင်ငံတော်မှ ကျောင်းဖွင့်လျှင်ဖွင့်ချင်း ကျောင်းသုံးဖတ်စာအုပ်များကို အခမဲ့ထောက်ပံ့ပေးလျက်ရှိသော်လည်း ကျောင်းဖွင့်ချိန်မတိုင်မီ နွေရာသီကာလတွင် မိမိတက်ရောက်ရမည့်အတန်းအတွက် ကြိုတင်သင်ယူလေ့လာလိုသည့်ကျောင်းသားကျောင်းသူနှင့် မိဘအုပ်ထိန်းသူအချို့က ပြင်ပဈေးကွက်တွင် ရောင်းချနေသော ကျောင်းသုံးဖတ်စာအုပ်များကို ဝယ်ယူနိုင်ချေလည်းပဲ ရှိပါတယ်။ ဒါကိုလည်းပဲ ကျွန်တော်တို့အနေနဲ့ စိစစ်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များနှင့်ရော၊ ပြည်သူလူထုနှင့်ရော ကျွန်တော်တို့အနေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ကျောင်းသားကျောင်းသူဦးရေတိုးလာတာနဲ့ ရာခိုင်နှုန်းတစ်ခုကို တိုးမြှင့်ပြီးတော့ ကျွန်တော်တို့အနေနဲ့ ပုံနှိပ်ဖြန့်ဝေပေးလျက်ရှိပါတယ်။ သို့သော်တိုးတက်လာတဲ့ ကျောင်းသားဦးရေအရတော့ ကျွန်တော်တို့အနေနဲ့ လိုခြင်း၊ ပိုခြင်း ကျောင်းအချင်းချင်းကိုတော့ မြို့နယ်ပညာရေးမှူးရုံးတွေရဲ့ အစီအစဉ်နှင့် ပိုခြင်း၊ လိုခြင်းတွေကို မျှဝေစီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီ့အပြင် ယခုပညာသင်နှစ်အစမှာ ကျွန်တော်တို့အနေနဲ့ သတင်းစာတွေမှာလည်း ကြေညာပါတယ်။ ကျောင်းတွေမှာလည်း ကပ်ပါတယ်။ မျှဝေခြင်းဆိုင်ရာ အစီအစဉ်တွေနှင့်လည်းပဲ ကျွန်တော်တို့အနေနဲ့ ပြည်သူလူထုနှင့် ပူးပေါင်းပြီးတော့လည်းပဲ ယခင်နှစ်က အသုံးပြုခဲ့တဲ့စာအုပ်ထဲက ကောင်းတာတွေကို ရွေးချယ်ပြီးတော့ ဒါတွေကိုလည်းပဲ ကျွန်တော်တို့အနေနဲ့ လိုအပ်နေသော ကျောင်းသားကျောင်းသူတွေအတွက်ကို ဒီလိုလည်းပဲ ပူးပေါင်းဆောင်ရွက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့မျှော်မှန်းထားတဲ့ ကျောင်းသားဦးရေထက် များလာတဲ့အခါမှာတော့ ကျွန်တော်တို့အနေနဲ့ ဒီဟာလေးကတော့ဆောင်ရွက်ရတာခက်ပါတယ်။ သို့သော် ယခုနောင်ပညာသင်နှစ်မှာတော့ အတတ်နိုင်ဆုံးဒီ့ထက်ပိုမိုပြီးတော့လည်းပဲ ကျွန်တော်တို့အနေနဲ့ စီစဉ်ဆောင်ရွက်သွားပါမယ်။ မရတဲ့ကျောင်းရှိရင်လည်းပဲ ကျွန်တော်

တို့ကို ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ ပူးပေါင်းဆောင်ရွက်လို့ အသိပေးမယ်ဆိုရင်လည်း ကျွန်တော်တို့အနေနဲ့ စိစစ်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တင်ဒါတွေကိုလည်းပဲ အိတ်ဖွင့်တင်ဒါနှင့် ပွင့်လင်းမြင်သာစွာဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီမှာလည်းပဲ လူတိုင်းကကိုယ်လုပ်ငန်းလိုချင်တာကိုပဲ ဦးတည်ပြီးတော့ လာရောက်ဆောင်ရွက်ပေးနေတာတွေလည်းပဲရှိတဲ့အတွက်ကြောင့်မို့လို့ အရည်အသွေးအရနှင့် ကျွန်တော်တို့အနေနဲ့ နေရာအရောက်၊ ကျောင်း၊ မြို့နယ်အရောက် ရောက်ရှိရေးကို ဖြန့်ချိပြီးတော့ ဒါကိုဈေးပြိုင်စနစ်နဲ့ပေါ့။ တချို့ကလည်းပဲ ကျွန်တော်တို့ကို တိုင်ပါတယ်။ အိတ်ဖွင့်တင်ဒါဖြစ်တဲ့အတွက် တစ်ဦးနှင့်တစ်ဦးဈေးနှုန်းသည် အပြိုင်အဆိုင်လုပ်ရတာဖြစ်ပါတယ်။ တချို့ကပြောတယ်။ သူ့ရဲ့ဈေးနှုန်းကို နောက်လူကသိသွားလို့တဲ့။ နောက်လူကလျှော့ပေးသွားတယ်တဲ့။ အဲဒါသည် အိတ်ဖွင့်တင်ဒါရဲ့ ဈေးနှုန်းရဲ့စည်းမျဉ်း၊ စည်းကမ်းဖြစ်ပါတယ်။ ဒီလိုမျိုးလည်းပဲ လုပ်ငန်းရှင်တွေကလည်း အပြိုင်အဆိုင်လုပ်ချင်တာတွေလည်းရှိပါတယ်။ ဒါတွေကိုလည်းပဲ ကျွန်တော်တို့အနေနဲ့ ထိထိရောက်ရောက်နှင့် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ လာမယ့် ပညာသင်နှစ်မှာ ကျောင်းသုံးဖတ်စာအုပ်များအား ကျောင်းသားကျောင်းသူများလက်ထဲသို့မရောက်မီ ပြင်ပတွင်ရောင်းချနေခြင်းရှိ/မရှိကိုလည်း လေ့လာဆန်းစစ်၍ ကျွန်တော်တို့စာချုပ်ချုပ်ဆိုပြီးတော့မှ လုပ်ငန်းအပ်နှံဆောင်ရွက်တဲ့ ပုံနှိပ်လုပ်ငန်းရှင်များနှင့်လည်း ဆက်စပ်မှုရှိ/မရှိကိုလည်း စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ယခုပညာသင်နှစ်ထက် ပိုမိုအကောင်းဆုံးဖြစ်သွားအောင် ကျွန်တော်တို့အနေနဲ့ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် မျှဝေခြင်းဆိုင်ရာအစီအစဉ်နဲ့လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း ပူးပေါင်းဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံတိုက်တွန်းပြောကြားရင်း ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။ ဒါက ကျွန်တော်သိချင်တဲ့အချက်လေးကို မေးကြည့်တာပါ။ စောစောတုန်းက ပုံနှိပ်တာကို အိတ်ဖွင့်တင်ဒါနှင့်ခေါ်တယ်ဆိုတော့ အဲဒီလိုဆိုရင် ဒါကကျိန်းသေတယ်။ ဝန်ကြီးဌာနက ပုံနှိပ်ခိုင်းတဲ့ဟာကို ဒီကုမ္ပဏီကပဲ ပုံနှိပ်ရမယ်။ ဒါဆိုရင် အပြင်တခြားကုမ္ပဏီတွေက ပုံနှိပ်ခွင့်ရှိ/မရှိ သိချင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဒါ အိတ်ဖွင့်တင်ဒါ အရ တင်ဒါလုပ်ငန်းအောင်မြင်သောလုပ်ငန်းရှင်တွေကိုပဲ ကျွန်တော်တို့အနေနဲ့ လုပ်ငန်းအပ်နှံလို့ ရပါတယ်။ ကျောင်းသုံးဖတ်စာအုပ်တွေကို အပ်နှံတဲ့အခါမှာလည်းပဲ ကျွန်တော်တို့အနေနဲ့ ဒီအလယ်တန်းပညာရေးဖြစ်တဲ့ ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်း၊ ရှစ်တန်းကျောင်းသုံးဖတ်စာအုပ်တွေကိုတော့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းကနေပြီးတော့မှ ကျွန်တော်တို့အနေနဲ့ Open Tender (အိတ်ဖွင့်တင်ဒါ) ခေါ်လိုက်တဲ့အထဲက အနိမ့်ဆုံးပေးတဲ့ဈေးနှုန်းကို ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပညာရေးဝန်ကြီးဌာန ပြန်လည်ညှိနှိုင်းပြီးတော့ အဲဒီဈေးနှုန်းအတိုင်းလည်းပဲ ကျွန်တော်တို့အနေနဲ့ သတ်မှတ်ဆောင်ရွက်ပါတယ်။ တင်ဒါအောင်မြင်ခြင်းမရှိတဲ့ လုပ်ငန်းရှင်ကိုတော့ ကျွန်တော်တို့အနေနဲ့ လုပ်ငန်းအပ်နှံပြီးတော့ ဆောင်ရွက်၍မရကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကွန်ဟိန်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားခဲ့သော ကျောင်း(၁၇)ကျောင်းအား စံကိုက်ကျောင်းများအဖြစ် ချမှတ်တည်ဆောက်ပေးနိုင်ရေး လာမည့် ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခင်စော(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်နန်းခင်စောဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ကွန်ဟိန်းမြို့နယ်အတွင်းရှိကျောင်းများမှာ အစိုးရအသိအမှတ်ပြု မူလတန်းကျောင်းများဖြစ်သော်လည်း ကျောင်းအဆောက်အဦများမှာ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောက်လုပ်အသုံးပြုလာခဲ့ပါတယ်။ အဆိုပါကျောင်းများမှာ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီကိုက်ညီခြင်းမရှိသည့်အပြင် အများစုမှာ ကျောင်းသူကျောင်းသားများအား အချိန်မရွေးအန္တရာယ်ဖြစ်စေနိုင်တဲ့ အန္တရာယ်ဆောင်များဖြစ်နေပါတယ်။ အချို့ကျောင်းဆောင်များမှာ သွပ်မိုးထားသော်လည်း ဝါးပိုးတိုင်၊ ဝါးထရံကာကျောင်းများသာဖြစ်ပြီး ဝါးပိုးဖြင့်ပြုလုပ်ထားသော စာရေးခုံ၊ ထိုင်ခုံများဖြင့်သာ သင်ကြားအသုံးပြုလျက်ရှိနေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။ တင်ပြပါကျောင်းများသည် ကျွန်မရဲ့မဲဆန္ဒနယ်အတွင်းရှိ မူလတန်းကျောင်းများ ဖြစ်ပါတယ်။ ပညာရေးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကမဏ္ဍိုင်ကြီးဖြစ်သကဲ့သို့ လူသားအားလုံးအတွက် အသက်သွေးကြောလည်း ဖြစ်ပါတယ်။ ပညာရည်မြင့်တက်ပါမှလည်း ကမ္ဘာ့အလယ်တွင် လူမျိုးတင့်တယ်နေပါလိမ့်မယ်။ ကျောင်း၏သွင်ပြင်ဥပမိရုပ်နှင့် မညီညွတ်သော ကျောင်းများကိုလည်း ချမှတ်တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ကျောင်းသားကျောင်းသူများရဲ့ ရာသီဥတု မိုး၊ လေ၊ နေလုံခြုံတဲ့စာသင်ဆောင်များ ဖြစ်မြောက်ရန်အတွက် အစိုးရမှ ကွင်းဆင်းစစ်ဆေးပြီး အလေးထားဆောင်ရွက်ပေးရန်လိုအပ်လျက် ရှိပါတယ်။ အချို့သောကျောင်းများမှာ ဝါးပိုးဝါးတိုင်၊ ဝါးကပ်ကာ၊ သက္ကယ်မိုး၊ ဝါးပိုးဝါးများဖြင့် ပြုလုပ်ထားတဲ့ ထိုင်ခုံနှင့် စာရေးခုံများဖြင့် ချို့တဲ့စွာ သင်ကြားနေကြရပါတယ်။ အဆိုပါ စာသင်ကျောင်းများ၏ဥပမိရုပ်နှင့် နိုင်ငံတော်မှ ပညာရေးကဏ္ဍဖော်ဆောင်ရေးလုပ်ငန်း၏ ဂုဏ်သိက္ခာကို များစွာထိခိုက်စေလျက်ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ လူသားအရင်းအမြစ်အခြေခံဖြစ်တဲ့ ပညာရေးကဏ္ဍအား သင်ကြားရေးနည်းစနစ်ပိုင်းဆိုင်ရာ ပြုပြင်မြှင့်တင်ခြင်းအပြင် ရုပ်ပိုင်းဆိုင်ရာဂုဏ်သိက္ခာများကိုလည်း မြှင့်တင်ပေးရန် လိုအပ်လှပါတယ်။ သင်ထောက်ကူပစ္စည်းများ ပြည့်စုံလုံလောက်အောင်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန် များစွာ လိုအပ်လျက်ရှိပါတယ်။ အဆိုပါကျောင်းများသည် တရားဝင်အစိုးရကျောင်း၊ မူလတန်းကျောင်းများဖြစ်သော်လည်း ခေတ်စနစ်နှင့်လိုက်လျောညီထွေသည့် ကျောင်းအင်္ဂါရပ်များနှင့်ကိုက်ညီသော ကျောင်းဆောင် စာသင်ကျောင်း၊ ဆရာဆရာမများနားနေဆောင်များ၊ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသုံးပရိဘောဂများ ပြည့်စုံစွာဦးစားပေးစနစ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ကျောင်းဆောင်သစ်များဆောက်လုပ်ရန်အတွက် မြေနေရာများလည်း အလုံအလောက်ရှိထားပြီး ဖြစ်ပါတယ်။ ထိုအခက်အခဲများကို ကျွန်မရဲ့ မဲဆန္ဒနယ်မြေအတွင်း ပြည်သူများနှင့်တွေ့ဆုံရာမှာ ထိုအဖြစ်အပျက်များကို ပြည်သူလူထုများတင်ပြလာကြသလို ဌာနဆိုင်ရာများနှင့်တွေ့ဆုံရာမှာလည်း ဆရာဆရာမများကလည်း သူတို့ရဲ့အခက်အခဲများကို ကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်ဖို့ တင်ပြတောင်းဆိုလာခဲ့ကြပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ နိုင်ငံတော်အစိုးရပညာရေးဝန်ကြီးဌာနမှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးတို့တွင် အဓိကအခန်းကဏ္ဍဖြစ်တဲ့ ပညာရေးကဏ္ဍရဲ့လိုအပ်ချက်များကို နယ်မြေဒေသမခွဲခြားဘဲ ကွန်ဟိန်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားခဲ့သော ကျောင်းဆောင် ၁၇ ကျောင်းအား စံကိုက်ကျောင်းများအဖြစ် ဦးစားပေး

စနစ်ဖြင့် ချမှတ်တည်ဆောက်ပေးနိုင်ရန် လာမည့်ဘဏ္ဍာရေးနှစ်များတွင် လျာထားဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိအပြင် ပညာရေးအခက်အခဲများကို မည်သည့်အချိန်ကာလတွင် မည်သို့ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မဲဆန္ဒရှင်ပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်စောရဲ့ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း (တည်ဆောက်ရေး)ရန်ပုံငွေလျာထားချက်များကို မြို့နယ်တွင်းကျောင်းသားဦးရေ အပေါ်အခြေခံ၍ ရေးဆွဲရာတွင် ကွန်ဟိန်းမြို့နယ်အတွက် ငွေကျပ် ၈၄ သန်း လျာထားဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါလျာထားမှုအရ အခြေခံပညာကျောင်း၊ ရုံးများကို မြို့နယ်ပညာရေးမှူးက မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်းများနှင့် တွေ့ဆုံအတည်ပြုပြီး အန္တရာယ်ရှိကျောင်းဆောင်များ၊ ဥပမိရုပ်မကောင်းသောကျောင်းများ၊ ကျောင်းသားဦးရေအရ တိုးချဲ့ရန်လိုအပ်သောကျောင်းများ၊ သဘာဝဘေးဒဏ်ကြောင့် နေရာပြောင်းရွှေ့ဆောက်လုပ်ရန်ကျောင်းများဟူ၍ လုပ်ငန်းများခွဲခြားကာ မြို့နယ်/ကျောင်းဦးစားပေးအစဉ်အလိုက် အဆင့်များသတ်မှတ်ပြီး ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုထောက်ခံချက်ဖြင့် ပြည်နယ်ပညာရေးမှူးရုံးမှတစ်ဆင့် အခြေခံပညာဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်လျက်ရှိပါတယ်။ အခြေခံပညာဦးစီးဌာနသည် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်စုစည်း၍ ပညာရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာဌာနများသို့ အတည်ပြုချက်ရရှိရေးအတွက် ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကိုလည်း Power Point ပြုလုပ်လာခဲ့တဲ့အတွက် သုံးခွင့်ပြုဖို့ လေးစားစွာတင်ပြအပ်ပါတယ်။ ကွန်ဟိန်းမြို့နယ်၊ လုံယန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲ

တွင် ကျွန်တော်တို့ ဒါ လုံယန်းကျောင်းဆောင်ဖြစ်ပါတယ်။ (၄၀x၃၀) ပေ တစ်ထပ်စာသင်ဆောင် တစ်ဆောင်လဲရှိပါတယ်။ ကျောင်းသားကျောင်းသူဦးရေ ၅၆ ဦးရှိပါတယ်။ ဝမ်ပတ်ကျေးရွာအခြေခံ ပညာမူလတန်း ကျောင်းခွဲတွင် (၄၀x၃၀) ပေ တစ်ထပ် စာသင်ဆောင်တစ်ဆောင်ရှိပြီး ကျောင်းသား ကျောင်းသူဦးရေ ၅၆ ဦး ရှိပါတယ်။ နမ့်ဝိန်းကျေးရွာအခြေခံပညာမူလတန်းကျောင်းခွဲတွင် (၄၀x၃၀) ပေ တစ်ထပ်စာသင်ဆောင်တစ်ဆောင်ရှိပြီး ကျောင်းသားကျောင်းသူစုစုပေါင်း ၅၂ ဦးရှိပါတယ်။ ကျွန်တော်တို့ အချိန်ကိုငဲ့ညာသောအားဖြင့် နောက်တစ်ခုသည် နမ်ကျိုင်း(နားကျိုင်း)ကျေးရွာဖြစ်ပါ တယ်။ ကျောင်းသားကျောင်းသူ ၂၈ ဦးရှိပါတယ်။ ဟောင်လိတ်ကျေးရွာဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူစုစုပေါင်း ၅၁ ဦးရှိပါတယ်။ နောင်ခမ်းကျေးရွာ မူလတန်းကျောင်းခွဲဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူစုစုပေါင်း ၅၀ ဦးရှိပါတယ်။ ကွတ်ပုံ မူလတန်းကျောင်းခွဲ ဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူ ၁၈ ဦးရှိပါတယ်။ ဝမ်ဖိုင်မူလတန်းကျောင်းဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူ ၂၅ ဦးရှိပါတယ်။ ဝမ်ဟိန်းကျေးရွာ မူလတန်းကျောင်းမှာတော့ စုစုပေါင်း ၂၉ ဦးရှိပါတယ်။ နားကန်အခြေခံပညာမူလတန်းကျောင်းမှာတော့ ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၅ ဦးရှိပါတယ်။ နမ့်မော်တောင်းကျေးရွာမှာတော့ ကျောင်းသားကျောင်းသူစုစုပေါင်း ၃၈ ဦးရှိပါတယ်။ နားဝမ်(ပန်မုံ့) ကျေးရွာ မူလတန်းကျောင်းမှာ ကျောင်းသားကျောင်းသူစုစုပေါင်း ၁၈ ဦးရှိပါတယ်။ နားခေါက်ကျေးရွာ မူလတန်းကျောင်းမှာတော့ ကျွန်တော်တို့ ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၃ ဦးရှိပါတယ်။ ဆိုင်ခေါင်(တောင်)ကျေးရွာ ကျွန်တော်တို့ မူလတန်းကျောင်းမှာ ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၈ ဦးရှိပါတယ်။ (၅၂၄) ခြေမြန်တပ်ရင်းမူလတန်းကျောင်းမှာတော့ ကျောင်းသားကျောင်းသူစုစုပေါင်း ၂၈ ဦးရှိပါတယ်။ ဝမ်အင်ကျေးရွာမှာတော့ မူလတန်းကျောင်းခွဲမှာ ကျောင်းသားကျောင်းသူ ၂၉ ဦးရှိပါ တယ်။ ဝိန်းဖွီးကျေးရွာ မူလတန်းကျောင်းခွဲမှာတော့ ကျောင်းသားကျောင်းသူစုစုပေါင်း ၂၇ ဦးရှိ ကြောင်းတင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ နောင်ပညာသင်နှစ်မှာ လိုအပ်နေတဲ့ ကျောင်းဆောင်သစ် တွေ တည်ဆောက်ခြင်းတွေကို ကျောင်းအုပ်က မြို့နယ်ပညာရေးမှူးကိုတင်ပြ၍ ခရိုင်ပညာရေးမှူး၊ ပြည်နယ်ပညာရေးမှူးတို့က စိစစ်၍ ပြည်နယ်အစိုးရအဖွဲ့အတည်ပြုချက်ရယူ၍ Ceiling Figure ကျွန်တော်တို့ဒါ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ အမြင့်ဆုံးသတ်မှတ်ချက်ဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းစိစစ် ဆောင်ရွက်လျက်ရှိပါတယ်။ အခုစိစစ်ဆောင်ရွက်လိုက်တဲအရာကတော့ ကွန်ဟိန်း မြို့နယ်အတွက် ထပ်မံလိုအပ် နိုင်တဲ့အတွက်ကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရ အဖွဲ့တို့ ပူးပေါင်းစိစစ် ဆောင်ရွက်ပြီးတော့မှ နောင်ပညာသင်နှစ်မှာ လိုအပ်တဲ့ကျောင်းဆောင်သစ်

တွေနဲ့ တခြားလိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ရေးအတွက် ဦးစားပေးအစီအစဉ်အရ ဆက်လက်စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၈-၉-၂၀၁၆ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ရန်အတွက် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြမှာဖြစ်ပါတယ်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၆-၂၉၀
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်

သို့

ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၂၈-၉-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁/၂၀၁၆-၃၂၂

၁။ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး (အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)က တင်သွင်းသော ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၂-၈-၂၀၁၆ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၈-၉-၂၀၁၆ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ပြင်ဆင်ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည်-

(က) ပြည်ထောင်စုဝန်ကြီးဌာနက ချမှတ်သော မူဝါဒများနှင့် ကိုက်ညီမှုရှိစေရန်၊

(ခ) ခေတ်ကာလနှင့် လျော်ညီသော အခေါ်အဝေါ်အသုံးအနှုန်းများ မှန်ကန်မှုရှိစေရန်။

**မူကြမ်း**

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၅-၁၁-၂၀၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာတွေ့ရှိခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း ၆ ပိုဒ်ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ရန်အတည်ပြုချက်များအနက် အချက်(၁၁)ချက်ကို သဘောတူလက်ခံခဲ့ပါသည်။

(ဂ) အပိုဒ် ၃ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃။(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ခ) စာစစ်အဖွဲ့ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၃ အရ ဖွဲ့စည်းထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စာစစ်အဖွဲ့ကို ဆိုသည်။

(ဃ) အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃။(ဃ) ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ်(၄)၏နောက်တွင် ပုဒ်မခွဲငယ်(၅)ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

(၅) ခွင့်ပြုချက်မရရှိဘဲ နည်းပညာတစ်ခုခု၏ အထောက်အကူကိုရယူ၍ ဖြေဆိုခြင်း၊

(င) အပိုဒ် ၃ အပိုဒ်ခွဲ(စ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃။(စ) ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ်(၆)ကို ပုဒ်မခွဲငယ်(၇)အဖြစ် ပြင်ဆင်ပြီး အောက်ပါအတိုင်းအစားထိုးရမည်-

(၇) မိမိ၏အဖြေလွှာကို သက်ဆိုင်ရာတာဝန်ရှိသူသို့ မပေးအပ်ဘဲ စာမေးပွဲခန်း ပြင်ပသို့ ယူသွားခြင်း၊

(စ) အပိုဒ် ၃ အပိုဒ်ခွဲ(ဇ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃။(ဇ) ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ်(၁၁)၏နောက်တွင် ပုဒ်မခွဲငယ်(၁၂)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

(၁၂) စာစစ်အဖွဲ့က မသမာသောနည်းဟု အခါအားလျော်စွာသတ်မှတ်သည့် နည်းလမ်းဖြင့် ဖြေဆိုခြင်းတို့ကို ဆိုသည်။

(ဆ) အပိုဒ် ၅ အပိုဒ်ခွဲ(င)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅။(င) ပုဒ်မခွဲ(စ)ကို (ဆ)ဟု ပြင်ဆင်ပြီး ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ(ဆ)၊ ပုဒ်မခွဲငယ်(၃)ကို အောက်ပါအတိုင်းအစားထိုးရမည်-

(၃) ရငွေသုံးငွေများကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၄။ သို့ဖြစ်ပါ၍ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ် ခင်ဗျား။ ဥပဒေကြမ်းကော်မတီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် ကိုယ်စားလှယ်များသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၃-၁၁-၂၀၁၆ ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဦးဖေဇင်ထွန်း(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းဖြစ်ပြီးတော့ ကျွန်တော့် အနေနဲ့ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ(မူကြမ်း)ကို ပြည်သူ့လွှတ်တော်ကို တင်သွင်းမှာ ဖြစ်ပါတယ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိတဲ့ The Petroleum Act (1934) သည် ခေတ်ကာလနှင့် ဆီလျော်မှုမရှိတော့သဖြင့် ယင်းဥပဒေကို ရုပ်သိမ်းပြီး ရေနံနှင့် ရေနံထွက် ပစ္စည်းဆိုင်ရာဥပဒေဟု အမည်ပြောင်းလဲ၍ ဥပဒေအသစ်ဖြင့် ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါ တယ်။ ယင်းဥပဒေပြဋ္ဌာန်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်း များအား စံချိန်စံညွှန်းများ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက် နိုင်စေရန်၊ ယင်းလုပ်ငန်းများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်နှင့် စွမ်းအင်လုံခြုံရေးအာမခံချက်ရရှိစေရန်၊ နိုင်ငံတော်အတွက် အခွန်အခများရရှိစေရန် ရည်ရွယ်ပြီး ပြုစုခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီဥပဒေကြမ်းမှာ စုစုပေါင်း အခန်း(၉)ခန်းနှင့် ပုဒ်မ (၅၆) ခုပါရှိပါတယ်။ အဓိကအားဖြင့် ရေနံနှင့် ရေနံထွက်ပစ္စည်း ဆိုင်ရာလုပ်ငန်းများဖြစ်တဲ့ ရေနံနှင့် ရေနံထွက်ပစ္စည်းများအား ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြတ်သန်းသယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ချက်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ စစ်ဆေးခြင်းနှင့် စမ်းသပ်ခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်စေရန်အတွက် ပြုစုထားခြင်းဖြစ်ပါတယ်။ အဆိုပါဥပဒေ(မူကြမ်း)အား ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် နိုင်ငံတော်သမ္မတရုံး၊ ဥပဒေအကြံပေးအဖွဲ့တို့ရဲ့ သဘောထားမှတ်ချက်နှင့်အညီ ပြုစု

ရေးဆွဲခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူကာ ပြည်ထောင်စုလွှတ်တော်ရုံးသို့ ပေးပို့တင်ပြခဲ့ပါတယ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဥပဒေ(မူကြမ်း)အား ပြုစုပြီး လုပ်ထုံးလုပ်နည်းအတိုင်း အဆင့်ဆင့်တင်ပြခဲ့ရာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ၆-၆-၂၀၁၆ ရက်နေ့မှာ ခေါ်ယူဆွေးနွေးပြီး ပြန်လည်ပြင်ဆင်ရန် လမ်းညွှန်သဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဥပဒေကြမ်းကော်မတီရဲ့ လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ပြင်ဆင်ပြီး ပြင်ဆင်ထားတဲ့ဥပဒေကြမ်းကို ၂-၈-၂၀၁၆ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါတယ်။ ဥပဒေကြမ်းကော်မတီမှ ၁၄-၁၁-၂၀၁၆ နှင့် ၁၉-၁၁-၂၀၁၆ ရက်နေ့တို့မှာ ခေါ်ယူဆွေးနွေးညှိနှိုင်းပြီး ပြင်ဆင်ခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ(မူကြမ်း)အား ပြည်သူ့လွှတ်တော်မှ လက်ခံဆွေးနွေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ရေနံနှင့်ရေနံထွက် ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ တင်သွင်းသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၆-၂၉၁

ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်

သို့

ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၃၀-၅-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၆/၁၂/ ၁၀ (၁၅၆) / ပထစ - ၂၀၁၆

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးရန် ပြည်ထောင်စုလွှတ်တော်ရုံးက အထက်ရည်ညွှန်းချက်ပါစာဖြင့် ပေးပို့လာပါသည်။

၂။ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ၁၉၃၄ ခုနှစ်၊ ရေနံအက်ဥပဒေမှာ လက်ရှိခေတ်စနစ်နှင့် ကိုက်ညီမှုမရှိတော့သဖြင့် ခေတ်ကာလနှင့် လျော်ညီစွာပြင်ဆင်ရန် လိုအပ်ခြင်း၊

(ခ) ရေနံနှင့် ရေနံထွက်ပစ္စည်းများအား ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ နိုင်ငံတော်အတွင်း သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ချက်လုပ်ခြင်း၊ ရောနှောပြုပြင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ စမ်းသပ်

ခြင်း၊ စီမံခန့်ခွဲခြင်း၊ ထုတ်လုပ်ခြင်းလုပ်ငန်းများကို စည်းကမ်းတကျဆောင်ရွက်နိုင်စေရန် လိုအပ်ခြင်း၊

(ဂ) ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းမရှိသူများအား ထိရောက်၍ ခေတ်ကာလနှင့် လျော်ညီသော ပြစ်ဒဏ်သတ်မှတ်နိုင်ရန် လိုအပ်ခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းကို ၁၄-၁၁-၂၀၁၆ ရက်နေ့နှင့် ၁၉-၁၁-၂၀၁၆ ရက်နေ့တို့တွင် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားတဲ့အတိုင်း ဖြစ်ပါတယ်။ ကျွန်တော်အချိန်ကို ငဲ့ကွက်ပြီးတော့ ဆက်လက်မဖတ်ကြားတော့ပါဘူး။

၄။ သို့ဖြစ်ပါ၍ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့လွှတ်တော်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၆-၂၉၁

ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၃၀-၅-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၆/၁၂/ ၁၀ (၁၅၆) / ပထစ - ၂၀၁၆

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက အထက်ရည်ညွှန်းချက်ပါစာဖြင့် ပေးပို့လာပါသည်။

၂။ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ၁၉၃၄ ခုနှစ်၊ ရေနံအက်ဥပဒေမှာ လက်ရှိခေတ်စနစ်နှင့် ကိုက်ညီမှုမရှိတော့သဖြင့် ခေတ်ကာလနှင့် လျော်ညီစွာပြင်ဆင်ရန် လိုအပ်ခြင်း၊

(ခ) ရေနံနှင့် ရေနံထွက်ပစ္စည်းများအား ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ နိုင်ငံတော်အတွင်း သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ချက်လုပ်ခြင်း၊ ရောနှောပြုပြင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ စမ်းသပ်

ခြင်း၊ စီမံခန့်ခွဲခြင်း၊ ထုတ်လုပ်ခြင်းလုပ်ငန်းများကို စည်းကမ်းတကျဆောင်ရွက်နိုင်စေရန် လိုအပ်ခြင်း၊

(ဂ) ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းမရှိသူများအား ထိရောက်၍ ခေတ်ကာလနှင့် လျော်ညီသော ပြစ်ဒဏ်သတ်မှတ်နိုင်ရန် လိုအပ်ခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းကို ၁၄-၁၁-၂၀၁၆ ရက်နေ့နှင့် ၁၉-၁၁-၂၀၁၆ ရက်နေ့တို့တွင် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းတွင် အခန်း (၈) ခန်းနှင့် အပိုဒ် ပေါင်း (၄၆) ပိုဒ် ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ**

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။”

(ဂ) အခန်း(၁)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ (ဂ) နှင့် (ဃ) တို့ကို အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊(ဂ) နှင့် (င) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ရေနံဆိုသည်မှာ ဟိုက်ဒြိုကာဗွန် အရောအနှောဖြစ်သော ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာ(Fossil Fuel)များကိုဆိုသည်။ ယင်းစကားရပ်တွင် ရေနံစိမ်း (Crude Oil)၊ လေဆီ (Condensate) နှင့် သဘာဝဓာတ်ငွေ့ (Natural Gas) စသည်တို့ ပါဝင်သည်။

(ဂ) ရေနံထွက်ပစ္စည်း ဆိုသည်မှာ ရေနံအားချက်လုပ်ခြင်းမှ ထွက်ရှိလာသည့် ပစ္စည်းတစ်မျိုးမျိုးကိုဆိုသည်။ ယင်းစကားရပ်တွင် ဓာတ်ဆီ၊ ဓာတ်ပျံဆီ၊ ဒီဇယ်ဆီ၊ လေယာဉ်ဆီ၊ ရေနံဆီ၊ မီးထိုးဆီ၊ စက်ဆီ၊ ချောဆီ၊ ဖိအားမြင့် သဘာဝဓာတ်ငွေ့ (Compressed Natural Gas - CNG)၊ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas-LNG)၊ ရေနံဓာတ်ငွေ့ရည် (Liquefied Petroleum Gas-LPG)၊ ရေနံထွက် ပစ္စည်းတစ်မျိုးမျိုးနှင့် ရောစပ်ထားသော ဇီဝလောင်စာဆီများ၊ ဖယောင်း၊ ကတ္တရာနှင့် ဝန်ကြီးဌာနက ရေနံထွက်ပစ္စည်း အဖြစ် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် ပစ္စည်း များပါဝင်သည်။

(င) ဘေးအန္တရာယ်ရှိသောရေနံ (Dangerous Petroleum) ဆိုသည်မှာ မီးလောင်မှတ် ၇၆ ဒီဂရီဖာရင်ဟိုက် သို့မဟုတ် ၂၄.၄၄ ဒီဂရီ စင်တီဂရိတ်နှင့် ယင်းအောက်နိမ့်သော အပူချိန်တွင် အလွယ်တကူ မီးကူးလောင်နိုင် သည့် ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို ဆိုသည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)၏နောက်တွင် အပိုဒ်ခွဲ(စ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(စ) ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းဆိုသည်မှာ ရေနံနှင့်ရေနံထွက်ပစ္စည်းများအား ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ဖြတ်သန်းသယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ ချက်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ စစ်ဆေးခြင်း၊ စမ်းသပ်ခြင်း စသည့် လုပ်ငန်းများကို ဆိုသည်။

(င) အပိုဒ် ၂ အပိုဒ်ခွဲ(င)၊ (စ)၊ (ဆ)၊ (ဇ) နှင့် (ဈ) တို့ကို အပိုဒ်ခွဲ(ဃ)၊ (ဌ)၊ (ဆ)၊ (ဇ) နှင့် (ဎ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) မီးလောင်မှတ် (Flash Point) ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံ ထွက်ပစ္စည်းမှ အငွေ့ဖြစ်ပေါ်ပြီး ပြင်ပမှ တစ်နည်းနည်းဖြင့် မီးကူးစက်သည့်အခါ မီးလောင်ကျွမ်းမှု ချက်ခြင်းဖြစ်ပေါ်စေနိုင်သည့် အနိမ့်ဆုံး အပူချိန်ကိုဆိုသည်။

(ဌ) ချက်လုပ်ခြင်းဆိုသည်မှာ ရေနံကို ရေနံထွက်ပစ္စည်းတစ်မျိုးမျိုး ရရှိရန် နည်းစဉ်တစ်ရပ်ရပ်ဖြင့် ချက်လုပ်ခြင်း သို့မဟုတ် ရောနှောခြင်း သို့မဟုတ် ပြုပြင်ပြောင်းလဲခြင်းကိုဆိုသည်။

(ဆ) ပြည်တွင်းသို့တင်သွင်းခြင်းဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက် ပစ္စည်းကို မြန်မာနိုင်ငံအတွင်းသို့ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း၊ ပိုက်လိုင်းစသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် တင်သွင်းခြင်းကို ဆိုသည်။

(ဇ) ပြည်ပသို့တင်ပို့ခြင်း ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို ပြည်ပသို့ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း၊ ပိုက်လိုင်းစသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် တင်ပို့ခြင်းကိုဆိုသည်။

(ဎ) ဖြန့်ဖြူးရောင်းချခြင်းဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို အဖိုးစားနားဖြင့် လွှဲပြောင်းခြင်းကိုဆိုသည်။

(စ) အပိုဒ် ၂ အပိုဒ်ခွဲ(ဋ)နှင့် (ဌ)တို့ကို အပိုဒ်ခွဲ(ဈ) နှင့် (ည)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဈ) သယ်ယူပို့ဆောင်ခြင်း(Transportation) ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို မြန်မာနိုင်ငံအတွင်း တစ်နေရာမှ အခြားတစ်နေရာသို့ နည်းလမ်းတစ်ရပ်ရပ်ဖြင့် သယ်ယူပို့ဆောင်ခြင်းကိုဆိုသည်။

(ည) ဖြတ်သန်းသယ်ယူခြင်း(Transit) ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို မြန်မာနိုင်ငံနယ်နိမိတ်ကိုဖြတ်၍ နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖြတ်သန်းသယ်ယူခြင်းကို ဆိုသည်။

**မူကြမ်း**

(ဆ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ပါသည်။

(ဇ) အပိုဒ် ၂အပိုဒ်ခွဲ(ဏ)နှင့် (တ) တို့ကိုအောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဏ) စစ်ဆေးခြင်း ဆိုသည်မှာ ရေနံနှင့် ရေနံထွက်ပစ္စည်းများ၏ အရည်အသွေးနှင့် အခြင်အတွယ်ကို စစ်ဆေးခြင်း၊ ယင်းလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် ပတ်သက်၍ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စစ်ဆေးခြင်း၊ နည်းပညာပိုင်းဆိုင်ရာ စစ်ဆေးခြင်းကို ဆိုသည်။

(တ) စမ်းသပ်ခြင်း ဆိုသည်မှာ ဤဥပဒေအရ ရေနံနှင့် ရေနံထွက်ပစ္စည်းများကို စမ်းသပ်ခြင်းကို ဆိုသည်။

(ဈ) အပိုဒ် ၂ အပိုဒ်ခွဲ(ဏ)၊ (တ)၊ (ထ)၊ (ဒ) နှင့် (ဓ) တို့ကို အပိုဒ်ခွဲ(ထ)၊ (ဒ)၊ (ဓ)၊ (န) နှင့် (ပ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ထ) စက်အားသုံးယာဉ်၊ စက်ယန္တရား ဆိုသည်မှာ ဤဥပဒေအရ စက်အား ရရှိရန် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြုသည့်ယာဉ်၊ စက်ယန္တရားကို ဆိုသည်။

( ဒ) လိုင်စင်ဆိုသည်မှာရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းတစ်ခုခုကို ဆောင်ရွက်ရန်အလို့ငှာ ဤဥပဒေ ပုဒ်မ ၇၊ ပုဒ်မ ၈၊ ပုဒ်မ ၉ နှင့် ပုဒ်မ ၁၀ တို့အရ ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

( ဓ) ဂါလန်ဆိုသည်မှာ ဗြိတိသျှစနစ်ဖြင့် ထုထည်ကို တိုင်းတာသည့် ယူနစ်ဖြစ်ပြီး တစ်ဂါလန်တွင် ၄.၅၄၆ (လေးဒသမငါးလေးခြောက်) လီတာ ရှိ သည်။

( န) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

( ပ) သက်ဆိုင်ရာဝန်ကြီးဌာန ဆိုသည်မှာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှတစ်ပါး ဤဥပဒေပါ ပြည်ထောင်စုအဆင့်ရှိ အခြားဝန်ကြီးဌာနတစ်ခုခု ကိုဆိုသည်။

(ည)အပိုဒ်၂ အပိုဒ်ခွဲ(ဖ)၊ (ဗ)၊ (ဘ) နှင့် (မ) တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့် စွက် ပါသည်-

**မူကြမ်း**

(ဖ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနကိုဆိုသည်။

(ဗ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ၏ စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဘ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စု အစိုးရ၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(မ) ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ၏ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ကို ဆိုသည်။

(၃) အပိုဒ်ခွဲ(န) နှင့် (ပ)တို့ကို အပိုဒ်ခွဲ(ယ) နှင့် (ရ)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(ယ) ဝန်ကြီးဆိုသည်မှာ ပြည်ထောင်စုအစိုးရ၏ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ရ) ကော်မတီ ဆိုသည်မှာ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်း ကြီးကြပ်ရေးကော်မတီကို ဆိုသည်။"

(၄) အခန်း(၂) ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

**အခန်း (၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများကို ဥပဒေပြဋ္ဌာန်းချက်များ၊ သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်း ချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက် စေရန်၊

( ခ) ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများကို ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေဘဲ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဆောင်ရွက်နိုင်စေရန်၊

( ဂ) ရေနံနှင့်ရေနံထွက် ပစ္စည်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွတ်လပ်၍မျှတသော ဈေးကွက်ယှဉ်ပြိုင်မှု ဖြစ်ထွန်းပေါ်ပေါက်စေရန်၊

(ဃ) နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်နှင့် စွမ်းအင်လုံခြုံရေး အာမခံချက် ရှိစေရန်၊

( င) နိုင်ငံတော်အတွက် အခွန်အခများ ရရှိစေရန်။

(ဍ) အခန်း(၂) ခေါင်းစဉ်ကို အခန်း(၄) ခေါင်းစဉ်အဖြစ် လိုင်စင်လျှောက်ထားခြင်း၊ ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ လိုက်နာရန် စည်းကမ်းသတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်းဟု ပြင်ဆင်ပါသည်။

(ဎ) အခန်း(၂) အပိုဒ် ၃ ကို အခန်း(၄) အပိုဒ် ၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၇။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းတို့နှင့် သက်ဆိုင်သည့် လိုင်စင်များထုတ်ပေးခြင်း၊

( ခ) ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းပြုရာတွင် သတ်မှတ်ပေးသည့် နေရာများမှတစ်ပါး အခြားနေရာများမှ တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်းကို တားမြစ်ခြင်း၊

( ဂ) ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းတို့နှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဃ) ပြည်တွင်းသို့ တင်သွင်းရန် သို့မဟုတ် ပြည်ပသို့တင်ပို့ရန် လိုင်စင်များ အတွက် လျှောက်ထားရန်ကာလ၊ ပုံစံနှင့် စည်းကမ်းချက်များ၊ လိုင်စင်

လျှောက်ထားပုံ နည်းလမ်းများ၊ စည်းကြပ်ရမည့် အခများနှင့် အခြားကိစ္စ တစ်ရပ်ရပ်အတွက် လိုအပ်သည်ဟု ယူဆသည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း။

(ဏ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃ အပိုဒ်ခွဲ(ဃ) ကို ပယ်ဖျက်ပါသည်။

(တ) အပိုဒ် ၄၊ အပိုဒ်ခွဲ(က)ကို အပိုဒ် ၈ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၈။ ဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) ချက်လုပ်ခြင်း၊ ဖြတ်သန်းသယ်ယူခြင်း၊ ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ စစ်ဆေးခြင်း၊ စမ်းသပ်ခြင်းတို့နှင့် သက်ဆိုင်သည့်လိုင်စင်များ ထုတ်ပေးနိုင်သည်။ လုပ်ငန်းတစ်မျိုးထက်ပိုမို ဆောင်ရွက်ခြင်းအတွက် နှစ်မျိုးတွဲ လိုင်စင်ကိုဖြစ်စေ၊ ပေါင်းစပ်လိုင်စင်ကိုဖြစ်စေ ထုတ်ပေးခြင်း၊

(ထ) အပိုဒ် ၈ အပိုဒ်ခွဲ (ခ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ခ) ပုဒ်မခွဲ(က)ပါ လိုင်စင်များအတွက် လျှောက်ထားရန်ကာလ၊ ပုံစံနှင့် စည်းကမ်းချက်များ၊ လိုင်စင်လျှောက်ထားပုံ နည်းလမ်းများ၊ ခွင့်ပြုမည့် အာဏာပိုင်နှင့် စည်းကြပ်ရမည့်အခများကို သတ်မှတ်ခြင်း၊

(ဒ) အပိုဒ် ၄ အပိုဒ်ခွဲ(ခ)နှင့် (ဂ)တို့ကို အပိုဒ် ၈ အပိုဒ်ခွဲ(င) နှင့်(စ)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) သယ်ယူပို့ဆောင်မည့် ထုပ်ပိုးထည့်သွင်းသည့် ပစ္စည်းများနှင့် ပိုက်လိုင်းများအတွက် လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(စ) ချက်လုပ်မည့်နေရာ၊ သိုလှောင်မည့် နေရာနှင့် သိုလှောင်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဓ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄ အပိုဒ်ခွဲ(ဃ) နှင့် (င) တို့ကို ပယ်ဖျက်ပါသည်။

**မူကြမ်း**

(န) အပိုဒ် ၄ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၈ အပိုဒ်ခွဲ(ဆ)အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည် -

(ဆ) စံချိန်စံညွှန်း၊ အရည်အသွေး၊ အခြင်အတွယ် မှန်ကန်မှုရှိစေရန် အတွက် လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ပ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၅ ခြေဆင်းကို ပယ်ဖျက်ပါသည်။

(ဖ) အပိုဒ် ၅ အပိုဒ်ခွဲ(က)နှင့် (ခ)ကို တစ်ပေါင်းတည်း အပိုဒ် ၈ အပိုဒ်ခွဲ(စ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

( စ) ရေနံနှင့် ရေနံထွက် ပစ္စည်းတစ်မျိုးမျိုးတွင် တည်ဆဲဥပဒေများအရ တားမြစ်ကန့်သတ်ချက်တွင် မပါဝင်သည့် အဆိပ်အတောက်ရှိသော ဓာတုပစ္စည်းနှင့် စက်ပစ္စည်းများကို ထိခိုက်ပျက်စီးစေနိုင်သည့် သတ္တု ဓာတ်ပစ္စည်းများ၏ ပါဝင်ရမည့် အချိုးအစားနှင့် ပမာဏကို သတ်မှတ် ခြင်း၊ တားမြစ်ခြင်း၊

(ဗ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆ ခြေဆင်းကို ပယ်ဖျက်ပါသည်။

(ဘ)အပိုဒ် ၆ အပိုဒ်ခွဲ(က)နှင့်(ခ)တို့ကို အပိုဒ် ၈ အပိုဒ်ခွဲ(ည) နှင့် (ဇ)တို့အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

(ည) ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းကို သင့်လျော်သော ထိန်းကွပ် ကြီးကြပ်မှုပြုလုပ်ရန် လိုအပ်သည့် လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းချက် များ သတ်မှတ်ခြင်း၊

( ဇ) စမ်းသပ်စစ်ဆေးမှုများအရ သတ်မှတ်အရည်အသွေးနှင့် မကိုက်ညီသော ရေနံနှင့် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကို သိမ်းဆည်းခြင်း သို့မဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲခြင်း၊

(မ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၇ အပိုဒ်ခွဲ(က) ကို ပယ်ဖျက်ပါသည်။

(ယ) အပိုဒ် ၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)ကို အပိုဒ် ၈ အပိုဒ်ခွဲ(ဂ)အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

**မူကြမ်း**

(ဂ) ချက်လုပ်ခြင်း၊ ဖြတ်သန်းသယ်ယူခြင်း၊ ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ စစ်ဆေးခြင်း၊ စမ်းသပ်ခြင်းတို့နှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းချက်များကိုသတ်မှတ်ခြင်း၊

(ရ) အပိုဒ် ၈ အပိုဒ်ခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဃ) ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် တင်ပို့သူ၊ လက်ခံသူ၊ သယ်ယူပို့ဆောင်သူ၊ သိုလှောင်သူများ လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(လ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂) နှင့် အပိုဒ်ခွဲ(ခ)တို့ကို ပယ်ဖျက်ပါသည်။

(ဝ) အပိုဒ် ၈ အပိုဒ်ခွဲ(ဠ) နှင့် (ဋ) တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဠ) နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ စွမ်းအင်လိုအပ်ချက်နှင့်စွမ်းအင်လုံခြုံရေး အာမခံချက်ရှိစေရေးတို့အတွက် သင့်လျော်သည့် အစီအမံများ ချမှတ်ခြင်း၊

(ဋ) သယ်ယူပို့ဆောင်ခြင်း၊ ဖြတ်သန်းသယ်ယူခြင်း၊ စမ်းသပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ချက်လုပ်ခြင်းတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးခြင်း။

(သ) အပိုဒ် ၉ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၉။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်သည့်မော်တော်ယာဉ်၊ ရေယာဉ်နှင့် တွဲများကို လိုင်စင်ထုတ်ပေးခြင်း၊

( ခ) ပုဒ်မခွဲ(က) ပါ လိုင်စင်များအတွက် လျှောက်ထားရန်ကာလ၊ ပုံစံနှင့် စည်းကမ်းချက်များ လိုင်စင်လျှောက်ထားပုံ နည်းလမ်းများ၊ ခွင့်ပြုမည့် အာဏာပိုင်နှင့် စည်းကြပ်ရမည့်အခများကို သတ်မှတ်ခြင်း၊

( ဂ) ရေကြောင်းမှ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူခြင်း ဆောင်ရွက်သည့် ရေယာဉ်နှင့် တွဲများအတွက် ဆိပ်ကမ်းများသတ်မှတ်ခြင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ခြင်း၊

(ဃ) ရေနံနှင့် ရေနံထွက်ပစ္စည်းများကို ရေကြောင်းမှတင်သွင်းခြင်း၊ တင်ပို့ ခြင်း၊ သယ်ယူခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ ဆောင်ရွက်ရာတွင် ယိုဖိတ်မှုနှင့် မတော်တဆမှုဖြစ်ပွားပါက တည်ဆဲဥပဒေများနှင့် အညီ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(င) သယ်ယူပို့ဆောင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း။

(ဟ) အပိုဒ် ၁၀ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၁၀။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) သိုလှောင်ကန်နှင့် သိုလှောင်ရုံများအတွက် သိုလှောင်ခွင့်လိုင်စင် ထုတ်ပေးခြင်း၊

(ခ) ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့်တွဲများအတွက် သယ်ယူခွင့်ခွင့်ပြုမိန့်ကိုထုတ်ပေးခြင်း၊

(ဂ) ပုဒ်မခွဲ(က)ပါလိုင်စင်နှင့် ပုဒ်မခွဲ(ခ)ပါ ခွင့်ပြုမိန့်တို့ အတွက်လျှောက်ထားရန်ကာလ၊ပုံစံနှင့် စည်းကမ်းချက်များ၊ လျှောက်ထားပုံနည်း

လမ်းများ၊ ခွင့်ပြုမည့်အာဏာပိုင်နှင့် စည်းကြပ်ရမည့်အခများကို သတ်မှတ်ခြင်း၊

(ဃ) ရေနံနှင့်ရေနံထွက် ပစ္စည်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုများဖြစ်ပွားပါက ကွင်းဆင်းစစ်ဆေးခြင်း တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(င) သိုလှောင်ကန်နှင့် သိုလှောင်ရုံများ၊ ရေနံနှင့်ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်တွဲများရှိ သိုလှောင်ကန်များ၏ စံချိန်စံညွှန်း အရည်အသွေးနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများ၊စည်းကမ်းချက်များသတ်မှတ်ခြင်း။

(ဠ) အပိုဒ် ၈ ကို အပိုဒ် ၁၁ အဖြစ် ပြင်ဆင်ပြီးယင်းအပိုဒ်ရှိ ထင်သာမြင်သာရှိသော ဆိုသည့်စကားရပ်ကို မြင်သာသည့် နေရာတွင် ထင်ရှားသော ဟုပြင်ဆင်ပါသည်။

(အ) အပိုဒ် ၉ ကို အပိုဒ် ၁၂အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ရှိ ပုဒ်မ ၈ ပါပြဋ္ဌာန်းချက် ဆိုသည့် စကားရပ်ကို ပုဒ်မ ၁၂ ပါပြဋ္ဌာန်းချက် ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၉ အပိုဒ်ခွဲ(က)ကို အပိုဒ်၁၂ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ရောင်းချရန်မဟုတ်သောဆိုသည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

(-) အပိုဒ် ၉ အပိုဒ်ခွဲ (ခ)ကို အပိုဒ်၁၂ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးသုံးသည့် စက်အားသုံးယာဉ်၊ စက်ယန္တရားတွင် တွဲလျက်ပါဝင်သော တိုင်ကီ ဟုပြင်ဆင်ပါသည်။

(-) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၉ အပိုဒ်ခွဲ(ဂ) ကို ပယ်ဖျက်ပါသည်။

(-) အပိုဒ် ၉ အပိုဒ်ခွဲ(ဃ) ကိုအပိုဒ် ၁၂ အပိုဒ်ခွဲ(ဂ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ တိုင်ကီ ဆိုသည့် စကားရပ်ကို သိုလှောင်ကန် ဟု ပြင်ဆင်ပါသည်။

(-) အပိုဒ် ၉ အပိုဒ်ခွဲ(င) ကိုအပိုဒ် ၁၂ အပိုဒ်ခွဲ(ဃ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဆိုသည့်စကားရပ်ကို ဝန်ကြီးဌာန ဟု ပြင်ဆင်သဖြင့်

ဤဥပဒေကြမ်းတွင် ပါရှိသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဆိုသည့် စကားရပ်များကို ဝန်ကြီးဌာနဟု အသီးသီး ပြင်ဆင်ပါသည်။

(-) အပိုဒ် ၁၃ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၁၃။ ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုး သယ်ယူပို့ဆောင်သည့် ပိုက်လိုင်းတစ်လျှောက်တွင် အန္တရာယ်အမှတ်အသား သတိပေးချက်ကို ထင်သာမြင်သာ ရှိသောစာဖြင့်ဖြစ်စေ၊ သင်္ကေတဖြင့်ဖြစ်စေ ရေးသားဖော်ပြရမည်။

(-) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၀ ၊ အပိုဒ် ၁၂ နှင့် အပိုဒ် ၁၃ တို့ကိုပယ်ဖျက်ပါသည်။

(-) အပိုဒ် ၁၄ ကို အပိုဒ် ၁၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၅။ ဘေးအန္တရာယ်မရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းကို ပြည်တွင်း၌ သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် သိုလှောင်ခြင်း ပြုလုပ်လိုသူသည် စုစုပေါင်း ဂါလန် ၅၀၀ ထက်ပိုမိုလျှင် လိုင်စင်ရယူရမည်။ သို့ရာတွင် ဂါလန် ၅၀၀ နှင့်အောက်ရှိသော ပမာဏကို ထားသိုရာတွင် ဂါလန် ၂၀၀ ထက်မကျော်လွန်သည့် ထုပ်ပိုးထည့်သွင်းပစ္စည်းကို အသုံးပြုရမည်။

(-) အပိုဒ် ၁၅ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၆ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို မည်သူ မဆို ရောင်းချရန် မရည်ရွယ်သည့် ခြောက်ဂါလန်ထက်မပိုသော ဘေးအန္တရာယ်ရှိသောရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို လိုင်စင်ရယူရန် မလိုဘဲ သိုလှောင်ခြင်းသို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းပြုနိုင်သည်။ ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ)ကိုအောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၇။ ပုဒ်မ ၁၆ အရ ရေနံနှင့် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကို ထားသိုလိုပါက အဖုံးလုံခြုံသည့် ဖန်ထည်၊ ကျောက်ထည် သို့မဟုတ် သတ္တုထုပ်ပိုးထည့်သွင်းပစ္စည်းတွင် ထည့်သွင်းထားသိုရမည်။ ဖန်ထည် သို့မဟုတ် ကျောက်ထည် ထုပ်ပိုးထည့်သွင်းပစ္စည်းတွင်ထားသိုလျှင် သုညဒသမနှစ်ငါးဂါလန် ပမာဏထက် မပိုစေရ။ သတ္တုထုပ်ပိုးထည့်သွင်း ပစ္စည်းတွင် ထားသိုလျှင် ငါးဂါလန် ပမာဏထက်မပို စေရ။

**မူကြမ်း**

(-) အပိုဒ် ၁၆ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ်(၁) နှင့် (၂) တို့ကို တစ်ပေါင်းတည်းအပိုဒ် ၁၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၈။ စက်အားသုံးယာဉ် စက်ယန္တရားတို့၏ ယာဉ်မောင်း၊ ရေယာဉ်မှူး၊ ပိုင်ရှင်တို့သည်ရေနံနှင့် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကို အသုံးပြုသော စက်အားသုံး ယာဉ်နှင့် စက်ယန္တရားများတွင် တပ်ဆင်ထားသည့် မူလ သိုလှောင်ကန်တွင် ပါရှိ သည့် ရေနံနှင့်ရေနံထွက်ပစ္စည်းအပြင် ယင်းစက်အားသုံးယာဉ်၊ စက်ယန္တရားများ တွင် အသုံးပြုရန်အတွက် သိုလှောင်ထားသည့် ဘေးအန္တရာယ်ရှိသော ဂါလန် ၂၀ ပမာဏထက်မပိုသည့် ရေနံနှင့် ရေနံထွက်ပစ္စည်းကို တင်သွင်းခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်းတို့အတွက် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ရယူရန်မလို။

(-) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၆ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ပါသည်။

(-) အခန်း (၃) ခေါင်းစဉ် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီဖွဲ့စည်းခြင်းကို ကော်မတီဖွဲ့စည်းခြင်းဟု ပြင်ဆင်ပါသည်။

(-) အပိုဒ် ၁၇ အပိုဒ်ခွဲ(က)ကို အပိုဒ် ၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ စနစ်တကျ ထိန်းသိမ်းကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များအပါအဝင် အဖွဲ့ဝင်အများဆုံး (၁၅)ဦးဖြင့် ဖွဲ့စည်းရမည်။ ကော်မတီ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။”

(-) အပိုဒ် ၁၇ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါ သည်-

၆။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်ပါက ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များကို ပြင်ဆင်ခြင်း၊ တိုးချဲ့သတ်မှတ်ခြင်းနှင့် ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်သည်။

(-) အပိုဒ် ၁၈ ကို အပိုဒ် ၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**မူကြမ်း**

၅။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနအလိုက် တာဝန်ခံဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

( ဂ) ရေနံနှင့် ရေနံထွက် ပစ္စည်းဆိုင်ရာ လုပ်ငန်းများကို ဤဥပဒေနှင့် အညီ လုပ်ကိုင်စေရေးအတွက် ထိန်းသိမ်းကြီးကြပ်ခြင်း၊

(ဃ) ရေနံနှင့် ရေနံထွက်ပစ္စည်းများကို သတ်မှတ်ထားသော စံချိန်စံညွှန်း၊ အရည်အသွေး၊ အခြင်အတွယ်ပြည့်မီ မှန်ကန်မှုရှိစေရေးထိန်းသိမ်းကြီးကြပ်ခြင်း၊

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ နှင့်ညှိနှိုင်း၍ ဖွဲ့စည်းစေခြင်း၊ လုပ်ငန်းတာဝန်များသတ်မှတ်ဆောင် ရွက်စေခြင်းနှင့် လိုအပ်ပါက ထပ်ဆင့်ညွှန်ကြားချက်များ ထုတ်ပြန် ဆောင်ရွက်ခြင်း၊

(င) ဒေသအလိုက် မျှတသည့် ဈေးနှုန်းဖြစ်စေရန် ဆောင်ရွက်ပေးခြင်း၊

(စ) ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းလုပ်ကိုင်သူများက တည်ဆဲဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ သက်ဆိုင်ရာအမိန့်နှင့် ညွှန်ကြားချက်များကိုဖြစ်စေ၊ လိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖြစ်စေလိုက်နာဆောင်ရွက်ခြင်းမရှိပါက လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း။

(ဆ) လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် လမ်းညွှန်ကြီးကြပ်ခြင်း၊

(-) အဆိုပြုပြဌာန်းချက် အပိုဒ် ၁၈ အပိုဒ်ခွဲ(ဃ) နှင့် (င)တို့ကိုပယ်ဖျက်ပါသည်။

**မူကြမ်း**

(-) အခန်း(၅) ကို အခန်း(၄) အဖြစ်ပြင်ဆင်ပြီး၊ အပိုဒ် ၁၉ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၉ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ တစ်ဦးဦးအားဆိုသည့်စကားရပ်ကို တစ်ဦးဦးကို ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၁၉ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၂၀ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ကို ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မိမိဝန်ကြီးဌာန၏ အရာရှိတစ်ဦးဦးကို ဖြစ်စေ၊ အခြားအဖွဲ့အစည်း တစ်ခုခုကိုဖြစ်စေရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့်နေရာ တစ်ခုခုကို ဝင်ရောက်စစ်ဆေးရန်နှင့် ထိုနေရာတွင် တွေ့ရှိသည့် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို နမူနာယူပြီး စမ်းသပ်စစ်ဆေးစေရန် လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည် ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၁၉ အပိုဒ်ခွဲ (ဂ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၁။ ဝန်ကြီးဌာနသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) စမ်းသပ်ရန်အတွက် ရေနံနှင့် ရေနံထွက်ပစ္စည်း နမူနာယူခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ခ) စစ်ဆေးရန် နမူနာရယူခြင်းအတွက် ကျသင့်စရိတ်နှင့် ငွေပေးချေရမည့်နည်းလမ်းကို သတ်မှတ်ခြင်း၊

(ဂ) ဤပုဒ်မအရလုပ်ပိုင်ခွင့်များကို ကျင့်သုံးမည့် ပုဂ္ဂိုလ်များအတွက် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ခြင်း။

(-) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၉ အပိုဒ်ခွဲ (ဂ) အပိုဒ်ခွဲငယ် (၄) ကိုပယ်ဖျက် ပါသည်။

(-) အပိုဒ် ၂၀ ကို အပိုဒ် ၂၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၂။ စမ်းသပ်သည့် အရာရှိ သို့မဟုတ် အဖွဲ့အစည်းသည် ရေနံနှင့် ရေနံထွက်ပစ္စည်းများကို စမ်းသပ်ဆေးခြင်းနှင့်စပ်လျဉ်း၍အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ရေနံနှင့် ရေနံထွက် ပစ္စည်းများ၏ မီးလောင်မှတ်နှင့် အခြား အရည်အသွေးစစ်ဆေးမှုတို့ကို စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာ ဥပဒေနှင့်

**မူကြမ်း**

အညီ သတ်မှတ်ထားသည့် စမ်းသပ်ကိရိယာများဖြင့် စမ်းသပ်အတည်ပြုခြင်း၊

( ခ) စမ်းသပ်ကိရိယာများကို အခါအားလျော်စွာ စစ်ဆေးအတည်ပြုခြင်း၊ မှန်ကန်အောင်ပြုလုပ်ခြင်းနှင့် လိုအပ်သည့်အခါ အစားထိုးလဲလှယ်ခြင်း၊

( ဂ) စစ်ဆေးပေးစေလိုသူက သတ်မှတ်ထားသည့် အဖိုးအခပေးသွင်းပါက စမ်းသပ်မှုကိရိယာဖြင့် စမ်းသပ်စစ်ဆေးပေးခြင်း။

(-) အပိုဒ် ၂၁ ကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

၂၃။ အခြားအဖွဲ့အစည်းတစ်ခုခု၏ စမ်းသပ်ကိရိယာဖြင့် တိုင်းတာရရှိထားသော အချက်အလက်များကို ထပ်မံစမ်းသပ်စစ်ဆေးပေးရန်အတွက် ဝန်ကြီးဌာနသို့ တင်ပြလာပါက သတ်မှတ်ထားသော စမ်းသပ်ခပေးသွင်းစေပြီး စမ်းသပ်ကိရိယာများ ဖြင့်စမ်းသပ်၍ ရရှိလာသည့် အချက်အလက်များကို စံသတ်မှတ်ချက်များနှင့် နှိုင်းယှဉ်ဖော်ပြပေးရမည်။

(-) အပိုဒ်၂၂ နှင့်အပိုဒ်၂၃ တို့ကို တစ်ပေါင်းတည်း အပိုဒ်၂၄ အဖြစ်အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

၂၄။ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မိမိဝန်ကြီးဌာန၏အရာရှိ တစ်ဦးဦးကိုဖြစ်စေ အခြားအဖွဲ့အစည်း တစ်ခုခုကိုဖြစ်စေ ရေနံနှင့်ရေနံထွက် ပစ္စည်းကို စမ်းသပ်ရန်နှင့် ယင်းစမ်းသပ်မှုများ၏ ရလဒ်ကို သက်သေခံလက်မှတ် ထုတ်ပေးရန် စမ်းသပ်ရေးအရာရှိအဖြစ် လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(-) အပိုဒ် ၂၄ ကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

၂၅။ စမ်းသပ်ရေး အရာရှိသည် -

(က) ရေနံနှင့် ရေနံထွက်ပစ္စည်းနမူနာများကို စမ်းသပ်ပြီးနောက် သတ်မှတ်ထားသည့် ပုံစံတွင် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိ/မရှိ ဖော်ပြသည့် သက်သေခံလက်မှတ် ထုတ်ပေးရမည်။

**မူကြမ်း**

(ခ) သက်ဆိုင်ရာပုဂ္ဂိုလ်က တောင်းဆိုပါက သတ်မှတ်ထားသည့် အဖိုးအခ ပေးသွင်းလျှင် သက်သေခံလက်မှတ်၏ တာဝန်ခံမိတ္တူမှန်ကို ထုတ်ပေးရမည်။ ယင်းတာဝန်ခံ မိတ္တူမှန်ကို တရားရုံးတစ်ခုခုတွင် သက်သေခံအဖြစ် တင်ပြနိုင်သည်။

(-) အပိုဒ် ၂၅ အပိုဒ်ခွဲ (က) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၆။ စမ်းသပ်မှုရလဒ်ကို ကျေနပ်မှုမရှိသော ပိုင်ရှင် သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်သည် ယင်းရလဒ်ကို ရရှိသည့်နေ့ရက်မှစ၍ ခုနစ်ရက်အတွင်း နမူနာအသစ်ထပ်မံယူ၍ဝန်ကြီးဌာနက သတ်မှတ်တာဝန်ပေးအပ်သည့် အရာရှိထံသို့ ထပ်မံစမ်းသပ်စစ်ဆေးပေးရန် လျှောက်ထားနိုင်သည်။

(-) အပိုဒ် ၂၅ အပိုဒ်ခွဲ (ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၇။ ပုဒ်မ ၂၆ အရ လျှောက်ထား၍ သတ်မှတ်ထားသော အဖိုးအခကို ပေးသွင်းပြီးသည့်အခါ စစ်ဆေးရေးအရာရှိသည် ထိုပိုင်ရှင် သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်ရှေ့မှောက်တွင် နမူနာအသစ်များကို ရယူစေ၍ စစ်ဆေးပေးရမည်။

(-) အပိုဒ် ၂၅ အပိုဒ်ခွဲ (ဂ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၈။ ပုဒ်မ၂၉ နှင့်အညီ စစ်ဆေးချက်အရ မူလစမ်းသပ်မှုသည် မှားယွင်းကြောင်း ပေါ်ပေါက်လျှင် စစ်ဆေးရေးအရာရှိသည် ပုဒ်မ ၂၈ အရ ထုတ်ပေးထားသော မူလသက်သေခံလက်မှတ်ကို ပယ်ဖျက်၍ သက်သေခံလက်မှတ်အသစ်ပြုလုပ်ရမည်။ ထို့ပြင် ထိုပိုင်ရှင် သို့မဟုတ် ယင်း၏ကိုယ်စားလှယ်ကို သက်သေခံလက်မှတ်၏ တာဝန်ခံမိတ္တူမှန်ကို အခမဲ့ထုတ်ပေးရမည်။

(-) အပိုဒ် ၂၆ ခြေဆင်းကိုအောက်ပါအတိုင်းပြင်ဆင်ပါသည်-

၂၉။ဝန်ကြီးဌာနသည် အောက်ဖော်ပြပါ ရေနံနှင့်ရေနံထွက်ပစ္စည်း စမ်းသပ်စစ်ဆေးမှုဆိုင်ရာ သတ်မှတ်ခြင်းများနှင့်ပတ်သက်၍ လိုအပ်သည့် စည်းကမ်းချက်များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်-

**မူကြမ်း**

(-) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၆ အပိုဒ်ခွဲ (က) (ခ) (ဂ) (ဃ) (င) နှင့် (စ) တို့ကို ပယ်ဖျက်ပါသည်။

(-) အပိုဒ် ၂၆ အပိုဒ်ခွဲ (ဆ) ကို အပိုဒ် ၂၉ အပိုဒ်ခွဲ (က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ စမ်းသပ်သည့်အရာရှိများက စကားရပ်ကို စမ်းသပ်ရေးအရာရှိများ၏ ဟုလည်းကောင်း၊ စပ်လျဉ်း၍ ဆိုသည့်စကားရပ်ကို စပ်လျဉ်းသည့် ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၂၆ အပိုဒ်ခွဲ (ဈ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၉။(ဂ) အုပ်စုတစ်ခုခုမှ ရေနံနှင့်ရေနံထွက်ပစ္စည်းကို စမ်းသပ်သည့် အရည်အသွေးတူညီမှုရလဒ်အပေါ် သံသယဝင်လျှင်ထပ်မံ စမ်းသပ်စစ်ဆေး၍ ပျမ်းမျှရလဒ် ရှာဖွေသတ်မှတ်ခြင်း၊

(-) အပိုဒ် ၂၆ အပိုဒ်ခွဲ (ဋ) ကို အပိုဒ် ၂၉ အပိုဒ်ခွဲ (င) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ လုပ်ထုံးလုပ်နည်းကို ဆိုသည့်စကားရပ်ကို စည်းမျဉ်းစည်းကမ်းများ ဟုပြင်ဆင်ပါသည်။

(-) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၇ ကို ပယ်ဖျက်ပါသည်။

(-) အခန်း (၅) ကို အခန်း (၆) အဖြစ်ပြင်ဆင်ပါသည်။

(-) အပိုဒ် ၂၈ အပိုဒ်ခွဲ (က) ကို အပိုဒ် ၃၀ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို မည်သူမျှ ဤဥပဒေအရ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရယူရန် လိုအပ်သည့် လုပ်ငန်းတစ်ခုခုကို သက်ဆိုင်ရာလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်မရရှိဘဲ လုပ်ကိုင်ခြင်းမပြုရ ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၂၈ အပိုဒ်ခွဲ (ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၁။ မည်သူမျှ ဤဥပဒေပါပြဋ္ဌာန်းချက်များ သို့မဟုတ် ဤဥပဒေအရ ထုတ်ပေးသည့်လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်သည်မှအပ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းတစ်မျိုးမျိုးကို ဆောင်ရွက်ခြင်းမပြုရ။

(-) အခန်း (၆) ကို အခန်း (၇) အဖြစ်ပြင်ဆင်ပါသည်။

**မူကြမ်း**

(-) အပိုဒ် ၂၉ ၏ ခြေဆင်းကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

၃၂။ လိုင်စင်ရရှိသူက ဤဥပဒေအရ ထုတ်ပေးသော လိုင်စင်ပါ စည်းကမ်းချက် အရဖြစ်စေ သတ်မှတ်ထားသော တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ဖြစ်စေ၊ လိုက်နာဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်း မရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသည့် လုပ်ငန်း၊ ဌာနသည် လိုင်စင် ရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(-) အပိုဒ် ၂၉ အပိုဒ်ခွဲ (ဃ) ကို အပိုဒ် ၃၂ အပိုဒ်ခွဲ (ဃ) အဖြစ်ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲကို လိုင်စင်ကို အမြဲတမ်းရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၃၀ အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည်-

၃၃။ ပုဒ်မ ၃၂အရလိုင်စင်ထုတ်ပေးသည့်လုပ်ငန်း သို့မဟုတ် ဌာနကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့်ချမှတ် သည့် နေ့မှရက် ၃၀ အတွင်း လိုင်စင်ထုတ်ပေးသည့် သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနသို့ အယူခံဝင်ရောက်နိုင်သည်။ ယင်းဝန်ကြီးဌာနက သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသည့်လုပ်ငန်း သို့မဟုတ် ဌာနက ချမှတ်သည့်စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင် သည်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၏ အမိန့်သည် အပြီးအပြတ်အတည် ဖြစ်သည်။

(-) အပိုဒ် ၃၁ကို အပိုဒ် ၃၄ အဖြစ်ပြင်ဆင်ပြီးယင်းအပိုဒ်ရှိ လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန ဆိုသည့်စကားရပ်ကို လိုင်စင် ထုတ်ပေးသည့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသည် ဟု ပြင်ဆင်ပါသည်။

(-) အခန်း (၇) ကို အခန်း (၈) ဟုပြင်ဆင်ပါသည်။

(-) အပိုဒ် ၃၂ အပိုဒ်ခွဲ (က) ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**မူကြမ်း**

၃၅။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ခုခုကို ဖောက်ဖျက်ကြောင်း သို့မဟုတ် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက် တစ်ခုခုပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် ဆောင်ရွက်ရန် တာဝန်ကို မဆောင်ရွက်ဘဲ ပျက်ကွက်ကြောင်း ပထမအကြိမ် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် အနည်းဆုံးဒဏ်ငွေ ကျပ်ငါးသိန်းမှ အများဆုံး ဒဏ်ငွေ ကျပ်သိန်း ၅၀ အထိ ချမှတ်ခြင်းခံရမည်။ ထို့အပြင် ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်သော ရေနံနှင့် ရေနံထွက်ပစ္စည်းများနှင့်ထုပ်ပိုးပစ္စည်းအားလုံးကို သိမ်းဆည်းခြင်းခံရမည်-

(-) အပိုဒ် ၃၂ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁) (၂) (၃) (၄) နှင့် (၅) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၅(က)အခန်း ၄ ပါ ပြဋ္ဌာန်းချက်တစ်ခုခု သို့မဟုတ် ယင်းပြဋ္ဌာန်းချက်အရ ထုတ်ပြန်သောလုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်တစ်ခုခုကို ဖောက်ဖျက်လျက်ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းတစ်မျိုးမျိုးကို ဆောင်ရွက်ခြင်း၊

(ခ) ဤဥပဒေအရ ရရှိထားသည့် လိုင်စင်တစ်ခုခုပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဂ) ရေနံနှင့်ရေနံထွက် ပစ္စည်းတစ်မျိုးမျိုးကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ချက်လုပ်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းပြုသည့် နေရာတစ်ခုခုကိုဖြစ်စေ၊ ရေနံနှင့်ရေနံထွက်ပစ္စည်းကို သယ်ယူပို့ဆောင်ဆဲအချိန်တွင်ဖြစ်စေ ဝန်ကြီးဌာနက အခွင့်အာဏာအပ်နှင်းထားသောအရာရှိ သို့မဟုတ် အဖွဲ့အစည်းကို ပြသရန် ငြင်းဆန်ခြင်း သို့မဟုတ် မသိကျိုးကျွံပြုခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် နှောင့်ယှက်ခြင်း သို့မဟုတ် စစ်ဆေးနေစဉ်အတွင်း ထိုအရာရှိကိုဖြစ်စေ၊ ထိုအဖွဲ့အစည်းကိုဖြစ်စေ သင့်လျော်သော အကူအညီမပေးခြင်း၊

(ဃ) ရေနံနှင့် ရေနံထွက်ပစ္စည်းကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ချက်လုပ်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းပြုသည့် နေရာတစ်ခုခုကို ဝန်ကြီးဌာနက အခွင့်အာဏာအပ်နှင်းထားသောအရာရှိ သို့မဟုတ် အဖွဲ့အစည်းအား ထိုနေရာရှိ ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကိုပြသရန် သို့မဟုတ် ထိုရေနံနှင့် ရေနံထွက်ပစ္စည်းကို စစ်ဆေးရန်အတွက် လိုအပ်သောအကူအညီပေးရန် ငြင်းဆန်ခြင်း သို့မဟုတ် မသိကျိုးကျွံပြုခြင်း သို့မဟုတ် ရေနံနှင့် ရေနံထွက်ပစ္စည်းနမူနာရယူရေးအတွက် ခွင့်ပြုရန် ငြင်းဆန်ခြင်း၊

(င) ပုဒ်မ၃၈ပါပေါက်ကွဲမှု သို့မဟုတ် မီးလောင်မှု တစ်ခုခုနှင့် ပတ်သက်၍ သတင်းအချက်အလက်ကိုပေးရန် တောင်းဆိုသည့်အခါ ပေးရန် ပျက်ကွက်ခြင်း။

(-) အပိုဒ် ၃၂ အပိုဒ်ခွဲ (ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၆။ မည်သူမဆို ပုဒ်မ ၃၅ အရ ပြစ်မှုတစ်ခုခုဖြင့် ပြစ်ဒဏ်စီရင်ခံရ ပြီးနောက်၊ ထိုပုဒ်မခွဲအရပြစ်မှု တစ်ခုခုကို ထပ်မံကျူးလွန်ကြောင်း ပြစ်ဒဏ်စီရင်ခံရလျှင် ထိုသူသည် အနည်းဆုံးဒဏ်ငွေ ကျပ်တစ်ဆယ်သိန်းမှ အများဆုံးဒဏ်ငွေ ကျပ်သိန်း ၁၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်သော ရေနံနှင့် ရေနံထွက်ပစ္စည်းများ၊ ယင်းတို့အား ထည့်သွင်းထားသည့် ထုပ်ပိုးထည့်သွင်း ပစ္စည်းများအားလုံးကို သိမ်းဆည်းခြင်း ခံရမည်။

(-) အပိုဒ် ၃၇ အဖြစ် အောက်ပါအတိုင်းအသစ်ဖြည့်စွက်ပါသည်-

၃၇။ စံချိန်မမီသော ရေနံနှင့် ရေနံထွက်ပစ္စည်းများတင်သွင်းခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်း၊ အရည်အသွေးနှင့် အခြင်အတွယ်မပြည့်မီခြင်းတို့ကို စစ်ဆေးတွေ့

ရှိပါက ဤဥပဒေအပြင် အခြားတည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

(-) အခန်း (၈) ကို အခန်း (၉) အဖြစ်ပြင်ဆင်ပါသည်။

(-) အပိုဒ် ၃၃ကိုအောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၈။ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းတစ်မျိုးမျိုးကြောင့် ပေါက်ကွဲမှု သို့မဟုတ် မီးလောင်မှုဖြစ်ပွား၍ လူ့အသက်ဆုံးရှုံးမှု သို့မဟုတ် လူ့ခန္ဓာ ကိုယ်ကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ အပြင်းအထန် ထိခိုက်နစ်နာမှု ဖြစ်ပွားလျှင်သော်လည်းကောင်း၊ ရေနံနှင့် ရေနံထွက်ပစ္စည်းထားရှိရာ နေရာတွင်ဖြစ်စေ ယင်းအနီးအနားတွင်ဖြစ်စေ မီးလောင်မှုဖြစ်ပွားတန်ရာရှိလျှင်သော်လည်းကောင်း အဆိုပါ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်ရသူသည် အနီးဆုံးသက်ဆိုင်ရာ အာဏာပိုင်ထံ ချက်ချင်းသတင်းပို့ရမည်။”

(-) အပိုဒ် ၃၄ ကိုအောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၉။ဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်း လုပ်ငန်းဆောင်ရွက်ရန် အတွက် အနည်းဆုံးရှိရမည့် ဧရိယာအကျယ်အဝန်းနှင့် အကွာအဝေးကို သတ်မှတ်ပေးရမည်။ ယင်းသတ်မှတ်ပေးထားသည့် နယ်နိမိတ်အတွင်း နေအိမ်၊ အဆောက်အဦတည်ဆောက်ခြင်း၊ နေထိုင်ခြင်းကိုလည်းကောင်း၊ မီးဘေးအန္တရာယ် ဖြစ်ပေါ်စေနိုင်သည့် ဆောင်ရွက်မှုတစ်စုံတစ်ရာကိုလည်းကောင်း တားမြစ်နိုင်သည်။

(-) အပိုဒ် ၄၀ အဖြစ်အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၄၀။ တရားရုံးသည် သိမ်းဆည်းရရှိသည့် သက်သေခံပစ္စည်းများအား ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရမည်။

(-) အပိုဒ် ၃၅ ကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

၄၁။ ဤဥပဒေမပြဌာန်းမီက တည်ထောင်ထားသော ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူသည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်

**မူကြမ်း**

ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲ ၍ ဤဥပဒေအရ လိုင်စင်ထုတ်ပေးမည့်ဝန်ကြီးဌာနသို့ တင်ပြရမည်။ ယင်းဝန်ကြီးဌာနသည် တင်ပြလာသည့် စီမံခန့်ခွဲမှုအစီအစဉ်ကို စိစစ်သုံးသပ်၍ ကျေနပ်မှုရှိပါက အတည်ပြုရမည်။ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူသည် ဝန်ကြီးဌာနက သတ်မှတ်သည့်အချိန်ကာလအတွင်း မိမိလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(-) အပိုဒ် ၃၆ ကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

၄၂။ ဝန်ကြီးဌာနသည် မိမိဌာနအောက်ရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုခုကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အများနှင့် သက်ဆိုင်သောကော်ပိုရေးရှင်းအဖြစ် သင့်လျော်သည့် အချိန်တွင် တည်ထောင်ဆောင်ရွက်နိုင်သည်။

(-) အပိုဒ် ၃၇ ကို အပိုဒ် ၄၃ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ဤဥပဒေ ပုဒ်မ ၃၂ အရ ဆိုသည့်စကားရပ်ကို ဤဥပဒေ ပုဒ်မ ၃၅၊ ၃၆အရ ဟု ပြင်ဆင်ပါသည်။

(-) အပိုဒ် ၃၈ ကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

၄၄။ The Petroleum Act,(Act XXX,1934)အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

(-) အပိုဒ် ၃၉ ကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

၄၅။ The Petroleum Act,(Act XXX,1934) အရ ထုတ်ပေးခဲ့သော လိုင်စင် သို့မဟုတ် ခွင့်ပြုချက်များကို ဤဥပဒေအရ ထုတ်ပေးသောလိုင်စင် သို့မဟုတ် ခွင့်ပြုချက်များအဖြစ်မှတ်ယူ၍ ယင်းတို့တွင်ပါရှိသော သက်တမ်းနှင့် စည်းကမ်းချက်များအတိုင်း ဆက်လက်တည်ရှိစေရမည်။

(-) အပိုဒ် ၄၀ ကို အပိုဒ် ၄၆ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ တည်ဆဲဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ဆိုသည့်စကားရပ်ကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဟုပြင်ဆင်ပါသည်။

(-) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၁ နှင့် အပိုဒ် ၄၂ တို့ကို ပယ်ဖျက်ပါသည်။

(-) အပိုဒ် ၄၇ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၄၇။ ဝန်ကြီးဌာနသည် ကော်မတီ၏ ရုံးလုပ်ငန်းများနှင့် ကုန်ကျစရိတ်များကို တာဝန်ယူဆောင်ရွက်ရမည်။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်များအတွက် သင့်လျော်သည့် ချီးမြှင့်ငွေ၊ စရိတ်တို့ကို သတ်မှတ်နိုင်သည်။

(-) အပိုဒ် ၄၃ ကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

၄၈။ ဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းတွင် ဘေးအန္တရာယ် လုံခြုံမှုရှိစေရန် လိုအပ်သော သင်တန်း၊ အလုပ်ရုံ ဆွေးနွေးပွဲ၊ သရုပ်ပြပွဲနှင့် အစည်းအဝေးများ ကျင်းပနိုင်သည်။

(-) အပိုဒ် ၄၄ ကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

၄၉။ ဤဥပဒေဆိုင်ရာ အခွန်အခများအား လိုင်စင်ထုတ်ပေးသည့်ဝန်ကြီးဌာန၊ အခွန်ကောက်ခံသည့်ဝန်ကြီးဌာနတို့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့အကြား မည်သို့ကောက်ခံခွဲဝေ သုံးစွဲရမည်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုင်စင်ထုတ်ပေးသည့် ဝန်ကြီးဌာနနှင့် အခွန်ကောက်ခံသည့် ဝန်ကြီးဌာနတို့ကအမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ရမည်။

(-) အပိုဒ် ၅၀ အဖြစ် အောက်ပါအတိုင်းအသစ်ဖြည့်စွက်ပါသည်-

၅၀။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ သတ်မှတ်ကာလအတွင်း လိုင်စင်လျှောက်ထားခြင်းမရှိသော သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းခံရသော သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း မပြုသောရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကိုသိမ်းဆည်းပြီး ထုခွဲခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် ဆောင်ရွက်ခြင်းပြုနိုင်သည်။

**မူကြမ်း**

(-) အပိုဒ် ၄၅ အပိုဒ်ခွဲ (ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၁။(ခ)ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(-) အပိုဒ် ၅၂ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၅၂။ ရေနံအက်ဥပဒေ (The Petroleum Act, Act No. XXX, 1934) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

၄။ သို့ဖြစ်ပါ၍ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကတင်သွင်းသည့် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းကိုဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ နည်းဥပဒေ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၃-၁၁-၂၀၁၆ ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားပါ့မယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်

မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**